# BURMA RESEARCH SOCIETY.

## PUBLICATION SERIES NO. 2.

*General Editor—Prof: Pe Maung Tin.*

ဦးကြင်ဥ စီရင်ရေးသားသော

# ဒေဝကုမ္ဘန်ပြဇာတ်

ဦးတင် နှင့် ဦးဖေမောင်တင်

ကြီးကြပ်ပြင်ဆင်သည်။

# DEWAGOMBAN PYAZAT.

BY

**U KYIN U.**

EDITED BY

*U Tin and Prof: Pe Maung Tin.*

တတိယ နှိပ်ခြင်း၊ စာအုပ်ရေ—၂၀၀၀။

ဆရာရှိပ်—ကြည့်ရှုပုံနှိပ်သည်၊

ရန်ကုန်မြို့။

တိုက်နံပါတ်—၁၄၂၊ မောင်ဂိုမာရီလမ်း။

အောင် ဇေယျတုစာပုံနှိပ်တိုက်။

1932.

[Pr]ice annas 6. အဘိုး ၆—ပဲ၊

GPC 820

28 849

~~II. 2. c. 2~~
GPC 820

K<u>Y</u>IN U, Ū.

Dewagomban pyazat.
[A Burmese drama.]

28849

# BURMA RESEARCH SOCIETY.

## PUBLICATION SERIES NO. 2.

*General Editor–Prof: Pe Maung Tin.*

—o—

ဦးကြင်ဥ စီရင်ရေးသားသော

# ဒေဝဂေါမ္ဗန်ပြဇာတ်

ဦးတင် နှင့် ဦးဘေမောင်တင်၊
ကြီးကြပ်ပြင်ဆင်သည်။

# DEWAGOMBAN PYAZAT.

BY

**U KYIN U.**

EDITED BY

*U Tin and Prof: Pe Maung Tin.*

—:o:—

တတိယ နှိပ်ခြင်း၊ စာအုပ်ရေ–၂၀၀၀။

ဆရာရိပ်–ကြည့်ရှုပုံနှိပ်သည်၊

ရန်ကုန်မြို့။

တိုက်နံပါတ်–၁၄၂၊ မောင်ဂိုမာရီလမ်း။

အောင် ဇေယျာတုစာပုံနှိပ်တိုက်။

**1932.**

*Price annas 6.* အဘိုး ၆–ပဲ။

SCHOOL OF ORIENTAL STUDIES LONDON

။ မာတိကာ ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| | ဒေဝကုမ္ဘန်ဇာတ်၏နိဒါန်း။ ...... ...... ...... | က |
| | ဒေဝကုမ္ဘန်ဇာတ်ရေးသူ့ အတ္ထုပ္ပတ္တိ။ ...... ...... | ဃ |
| ၁ | ဇေယာဘုမ္မိပြည်မှာ မဟာရောဇ မင်းသားဘီလူးပြည်မပါရန် စိမံသောအခန်း။ ...... ...... | ၁ |
| ၂ | မဟာရောဇမင်းသားကို ဘီလူးမ လူယောင်ဆောင်၍ ခိုးသောအခန်း။ ...... ...... ...... ...... | ၂ |
| ၃ | ဘီလူးမသည် မင်းသားကိုမစားဘဲ သားပြု၍ မွေးခန်း။ ...... ...... ...... ...... ...... | ၃ |
| ၄ | မဟာရောဇမင်းသားကို သိကြားက၊ ဒေဝကုမ္ဘန်ဘွဲ့နှင်းအပ်စောင့်ရှောက်ခန်း။ ...... ...... | ၅ |
| ၅ | ဒေဝကုမ္ဘန်မင်းသား၊ အတတ်သင်ခန်း။ ...... ...... | ၆ |
| ၆ | သီရိဇေယာပြည်က၊ ကဥ္စာဝတီ၊ မာလာဝတီမင်းသမီး-၂-ပါးထွက်ခန်း။ ...... ...... ...... | ၇ |
| ၇ | ယက္ခဒီပတိုင်းပြည်တွင် ဒေဝကုမ္ဘန်မင်းသား နန်းတက်ရာ၊ ကဥ္စာဝတီမင်းသမီးကိုတောင်းရမ်းရန် သံလွှတ်ခန်း။ ...... ...... ...... ...... | ၉ |
| ၈ | ဇေယာဘုမ္မိပြည်က သံရောဇမင်းသားသည်၊ သီရိဇေယာပြည်မှာ ကဥ္စာဝတီ၊ မာလာဝတီတို့ကိုဆောင်ယူခန်း။ ...... ...... ...... ...... | ၁၅ |
| ၉ | သံရောဇမင်းသားလက်တွင် ကဥ္စာဝတီကို ဒေဝကုမ္ဘန်မင်းသားလုယူရာ၊ ညီတော် နောင်တော် စစ်တိုက်ခန်း။ ...... ...... ...... ...... | ၁၇ |
| ၁၀ | သံရောဇမင်းသား မြားဒဏ်သင့်ရာ၊ နတ်လာမ၍။ ရသေ့လုပ်နေခန်း။ ...... ...... ...... ...... | ၂၀ |
| ၁၁ | ဂဠုန်နှင့်နဂါး၊ မင်းသားရသေ့ထံ၊ အယူခံဝင်သောအခန်း။ ...... ...... ...... ...... ...... | ၂၂ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၂ | မာလာဝတီမင်းသို့်းက၊မင်းသားရသေ့ကို လှူထွက်ရန်။တောင်းပန်ရာမရမှ။အစ်မတော်ကို ရှာပေးရန်။ တောင်းပန်သောအားဖြင့်။ နဂါးကိုခေါ်၍။ ဘီလူးပြည်မှာ ကဥ္စာဝတီကို။အယူနိုင်းသောအခန်း။ ...... ...... ...... ...... ...... | ၂၄ |
| ၁၃ | ဘီလူးပြည် မြေ-၂ လွှာစပ်ကြားတွင် မြှုပ်ထားရာက။ ကဥ္စာဝတီသည်။ ရသေ့မင်း အထံ ပြန်ရောက်၍။ ကဥ္စာဝတီ၊ မာလာဝတီမင်းသို့်း-၂ ပါးသံပြိုင်ဆို၍။မင်းသားကို နေပြည်တော်သို့ ခေါ်ရာ။ သင်္ဂြိုဟ်ကိုမျှော်တွေးသင့်ပုံမင်းသားက ဆိုသောအခန်း။ ...... ...... ...... ...... | ၂၆ |
| ၁၄ | မြေ-၂ လွှာအောက်က ပျောက်သွားသောကဥ္စာဝတီကို။ဒေဝကုမ္ဘန်လိုက်၍ရှာရာ။ရသေ့ထံခြေရာငုပ်သောကြောင့်။ရသေ့ကိုစားရန်ကြံမိန်းဝါးသောအခါ။ ကဥ္စာဝတီ၊မာလာဝတီတို့ ဘီလူးယောင်ဆောင်၍။ထွက်ပြေးသောအခန်း ..... | ၂၀ |
| ၁၅ | ဘီလူးမယောင်ဆောင်လာသော မင်းသို့်း-၂ ပါးကို။ဇေယာဘုမ္မိပြည်က ဘီလူးမှတ်၍သတ်ရန် စက်တိုင်တင်ရာ။ နတ်လာ၍ ကယ်မရန် စီမံသောအခန်း။ ...... ...... ...... ...... | ၃၃ |
| ၁၆ | ရသေ့ကို သတ်ရန် ဒေဝကုမ္ဘန်က။ စက်တိုင်တင်ထားရာ။ နတ်လာရောက် ကယ်မ၍။ရသေ့ကို ဒေဝကုမ္ဘန်သည် ညီမှန်းသိသောဇာတ်ပေါင်းခန်း။ ...... ...... ...... ...... ...... | ၃၄ |

ဒေဝကုမ္ဘန်ဇာတ်၏

# နိဒါန်း။

ဒေဝကုမ္ဘန်ဇာတ်သည်၊ မည်သည့်ကာလ၊ မည်သည့်ဌာနတွင် ရေးသည်အတည်တကျပေါ်ပြခွင့်မရသော်လည်း၊ ရတနာပုရစတုတ္ထ မြို့နန်းတည် မင်းတရားလက်ထက်ကစ၍၊ မန္တလဗေယျုံ။ ရတနာပုံ မြို့နန်းတည် မင်းတရားလက်ထက်တိုင်၊ ပြန့်နှံ့ထင်ပေါ် နန်းတော် အိမ်တော် အသီးသီး၊ ရပ်ကြီးပြည်မ အဆက်မပြတ်၊ အရပ်ထက်ဝန်းကျင်ထင်ရှားကျော်စောပုံများမှာ၊ အောက်ပါအတိုင်း အမှတ်အသား ၂-မျိုးတွေ့ရသည်။ ၎င်းအမှတ်အသား-၂-မျိုးတွင်၊ ပထမအမှတ်အသားမှာ၊ ဦးတင် (၂) K. S. M., A. T. M., ထံမှရသော အမှတ်အသားဖြစ်သည်။ ဒုတိယအမှတ်အသားမှာ၊ ကျောက်ဆည်မြို့ ယခုသေလွန်သူ အမိန့်တော်ရ ဦးဘသိန်းထံမှရသော အမှတ်အသား ဖြစ်သည်။

ပထမ။ ။ရတနာပုံမြို့နန်းတည်မင်းတရားကြီးသည်၊ ၁၂၂၈-ခု နယုန်လအတွင်း၊ မန္တလေးတောင်ခြေ၊ အာရုဏ်ခံစံနန်းတော်တွင်၊ စံနေတော်မူကြိုက်၊ အလုံဝန် သပြေငါးရွာစား ရေးသားသောရတနာနဒီ မော်ကွန်းနှင့်၊ စလေဆရာရေးသားသော ရတနာနဒီမော်ကွန်းကို၊ ရှေ့တော်တွင်ယှဉ်ပြိုင်ဘတ်လျှောက်ရာ၊ စာ-မြင်း-လှေများကို၊ တစောင်တစီးတစင်းတည်းမျှဖြင့်၊ ချီးမွမ်းခြင်းငှါမပိုင်၊ ယှဉ်ပြိုင်ကြည့်မှသိသာရသည်ဟု၊ အမိန့်တော်ရှိသောစကားနှင့်ဆက်သွယ်လျက်၊ အထက်ကဆရာကြီး ဦးကြွင်ဥရေးသားသော၊ ဒေဝကုမ္ဘန်ပြဇာတ်နှင့်၊ စလေဆရာရေးသားသော ဝိဇယပြဇာတ်ကို၊ အချို့မှူးမတ်တို့က၊ ဦးကြွင်ဥ ရေးသားသော၊ ဒေဝကုမ္ဘန်ပြဇာတ်ကကောင်းသည်၊ အချို့ မှူးမတ်

တို့က။ ဦးပုညရေးသားသော ဝိဇယပြဇာတ်က ကောင်းသည်ဟူ၍။
ငြင်းခုံဖြစ်ပွါး ရှိကြခြင်းစကားရပ်။ ထပ်မံစပ်မိပြန်သဖြင့်။ ထိုနှစ်တန်
သောပြဇာတ်တို့ကို ယှဉ်ပြိုင်ဘတ်လျှောက်စေရာ။ဦးကြင်ဥရေးသား
သော ပြဇာတ်များအနက်။ ဒေဝကုမ္ဘာန်ဇာတ်သည် အညံ့ဆုံး ဆို
သင့်ပုံဥဒါဟရုဏ်ထောက်၍။ အသည်ဝန်ထောက်က တင်လျှောက်
ကြောင်း။ယင်းသည်အခါ။ဦးကြင်ဥအစပ်အဆိုသည်။တုပ်တုပ်တိုတို
ပိုမိုမရှိ။ထိမိသိပ်သည်း။စည်းစနစ်ကျပေသည်။ ပြဇာတ်ရေးမှုတွင်။
စံတင်သင့်ပေသည်ဟု။ မင်းတရားကြီး အမိန့်တော်ရှိကြောင်းလည်း။
အမှတ်အသားရှိရုံမက။ ဦးပုညသည်။ သည်ကဲ့သို့ အမိန့်တော်မြတ်
မှတ်တော်မူကြောင်းများကို ကြားသိပြန်သည်အခါ။ ဒေဝကုမ္ဘာန်ပြ
ဇာတ်သဘောသွားအတိုင်း။ရေးသားသောကောသလဇာတ်ကို။ ထို
စံနန်းတော်မှာပင်။ ရတနာပုံမြို့နန်းတည် မင်းတရားကြီး ရှေ့တော်သို့
ဆက်သရာ။ ဒေဝကုမ္ဘာန်ဇာတ်ကဲ့သို့။ အစပ်အဆို။ တုပ်တုပ်တိုတို။
အပိုအမိုမရှိ။ထိမိပေစွဟု။ဦးပုညလည်း။ အချီးအမွမ်းတော်ခံရ၍။ ဆု
တော်များရသည်ဟူသော။အမှတ်အသားလည်းရှိသတည်း။

ပထမအမှတ်အသား။ ပြီး–ပြီ။

ဒုတိယ။ ။အခါတပါးတုံ ပဉ္စမသင်္ဂါယနာတင်။မင်းတရား
ကြီး၏ရှေ့တော်နှိုက်။ ဦးပုညရေးသားသည့် ဝိဇယပြဇာတ် ကောင်း
ကြောင်း။အချို့မှူးမတ်က ဆင်ပေါင်ဝဲမြို့ ဆရာကြီးဦးကြင်ဥရေးသား
သောဝဂ်န္တ။ပါပဟိန်။ဝေဿန္တရာ။ကာလကဏ္ဏီ။ဒေဝကုမ္ဘာန်ပြဇာတ်
များအနက်။ အညံ့ဆုံး ဒေဝကုမ္ဘာန်ပြဇာတ်က သာလွန်ကောင်းမွန်
ကြောင်းငြင်းပွါးရှိကြ၍။ယင်းပြဇာတ် ၂–ခုကိုယှဉ်ပြိုင်ဘတ်ဆိုစေရာ။
ဒေဝကုမ္ဘာန်ပြဇာတ်က။ထီးမှုနန်းရာ။စကားလာစကားသွားအပိုအလို
ကားမရှိ။ပကတိအသုံးအနှုန်းစပ်ထုံးစပ်ပုံသာလွန်ကြောင်းများနှင့်။မင်း

တရားကြီး အမိန့်တော်မြတ်မှတ်၍။ ဦးကြင်ဥ ရေးသောပြဇာတ်များ ကို။ ပေမူတင်ထားစေရမည်မိန့်ဆိုဘူးကြောင်းပြောစဉ်ရှိ၏။

ဒုတိယအမှတ်အသား။ ပြီး--ပြီ။

—၀◇၀—

### ဒေဝကုမ္ဘန်ဇာတ်ကို ကြည့်ညှိနှစ်သက်ကြခြင်းကား။

(၁) ကံကတ္တား။ ကိရိယာ။ ဥပမာ၊ဟေတု၊ ဥဒါဟရဏ။ရသ ကိုး၀။နေရာကျပြည့်စုံခြင်း။ (၂)စကားကြောမရှည်မစင်း၊လိုရင်းအဓိပ္ပါယ်ထိလွယ်သိလွယ်ခြင်း။(၃)သံရေဇမင်းသားသည်။မရိုးတော်အတွက်။ အသက်ကိုစွန့်ဟန်နှင့် ရန်သူအောင်မှုကြောင်း လေးခုကို။ ဂရုအထူးပြုသော အကြောင်းများသည်။ နောက်သားနောင်လာတို့ လိုက်နာရန်။စံတင်သင့်ခြင်း။ (၄)ဖြစ်တတ်ပျက်တတ်သော။သဘောထားဟန်ကို။သံရေဇမင်းသားဆိုသော။သီချင်းအလိုသည်။တိုတို့နှင့် ထိမိ၍။သတိသံဝေဂရရန်။သံသရာရေးပါခြင်း။(၅)သေရတော့မည် မလွဲ။ ဝမ်းနဲ့ကြည်ကွဲဘွယ်ဖြစ်ဆဲအတွင်း။ချက်ခြင်းတဖန်။ ပြန်၍ ရှက်ကျူး။ မိုဃ်းနူးသစ်ပင်။လန်းလန်းရွှင်သို့။ကြည်လင်ချမ်းမြေ့၊ပီတိ တွေ့အောင်။တွေ့ကြုံခွင့်ရကြခြင်း။

——:၀:——

ဒေဝကုမ္ဘန်ပြဇာတ်ကို၊ မူနှစ်မူမှပြင်ဆင်ပြီး။ပုံရိုက်ပါသည်။ ၎င်း မူနှစ်မူကိုအောက်ခြေမှတ်ရန်။ရ–နှင့်–မ ဟူ၍။အတိုပေါ်ပြပါသည်။

ရ–မှာရန်ကုန်မြို့။ မြန်မာသံတော်ဆင့်ပုံနှိပ်တိုက်။၁၂၃၅–ခု။က ဆုန်လ။မောင်ဖုပ်ပုံနှိပ်သောမူဖြစ်ပါသည်။

မ–မှာ၊မန္တလေးမြို့၊၂၆–လမ်း၊ထီးတန်းပိဋကတ်စာပုံနှိပ်တိုက်က ၁၂၆၄–ခု၌၊ပုံနှိပ်သောမူဖြစ်ပါသည်။

မှတ်ချက်။ ။ရ–၌။မင်းတိုင်ပင်အမတ် ဦးကြင်ဥ။ပြုစီရင်သော ဒေဝကုမ္ဘန်ဇာတ်ဟုပါသည်။

ဒေဝကုမ္ဘန်ဇာတ်ကိုရေးသော

## ဆရာကြီးဦးကြင်ဥ

အကြောင်း။

ဝှင်းဆရာကြီးသည်။ မြေတဲးမြို့စိရင်ရ၊ဆင်ပေါင်ဝဲးရွှာလျှင်ဘွား ရာဇာတိရှိသတည်း။ မည်သည့်အခါ ဘွားသည်။ မည်သည့်အခါ ကွယ်လွန်သည်အကျယ်စုံစမ်း၍မရသော်လည်း။ဘကြီးတော်လက်ထက်။ ရွှေဘိုမင်းလက်ထက်။ပုဂံမင်းလက်ထက်များမှာ ထင်ရှားကျော်စောသည်။ အသက်အရွယ်ကြီးရင့်မှ။ အမရပုရနေပြည်တော်က ဆင်ပေါင်ဝဲးရွာသို့ပြန်သည်။ အရွယ်ကြီးရင့်သည့်အခါ ပြဇာတ်များကို မရေးသော်လည်း။ဆင်ပေါင်ဝဲးရွာက ဒေသန္တရဗဟုသုတအလို့ငှါ လှည့်လည်ရာ။ပုသိမ်မြို့သို့ရောက်ကြိုက်။ငါးအမျိုးမျိုး၊ခရုအမျိုးမျိုးကို မြင်ရာ။ဝါသနာအလျောက်။ ပင်လယ်ငါး။ ပင်လယ်ခရုတို့အကြောင်းကိုရေးသော လေးဆစ်အချိုး၊သီချင်းများလည်း ထင်ရှားရှိပေသည်။ ထိုဆရာကြီး ရေးသော ကဗျာများသည်။ စကားကြောမရှည်မစင်း။ လိုရင်းပဋ္ဌာန်ကို သုတစရအစစ်ဖြစ်သော ပညာရှင်တို့နှလုံးသို့ညွတ်ရုံးဝင်ခိုက်စေရန် ကန္တိဂုဏ်နှင့်တကွ။စ လယ် ဆုံးဖျား။ကာံကတ္တား။ ကိရိယာ၊ဥပမာ၊ဟေတု၊ဥဒါဟရဏ၊ကိုးဖြာရသ။နေရာကျဆီလျော်သောကြောင့်။နန်းတော်ဇာတ်တော်အသီးအသီးရပ်ကြီးပြည်မတာပိုက်။ နှစ်မြိုက်သုံးစွဲကြသမှုဦးကြင်ဥရေးသောစာများသည်အရပ်ထက်ဝန်းကျင်ထင်ရှားကျော်စောခြင်းသို့ရောက်ပေသတည်း။

ထိုဆရာကြီးရေးသောကဗျာများမှာများစွာရှိသော်လည်း။မြောက်မြို့သို့ရောက်စအခါ။ ရှာဘွေတွေ့ရှိသမျှကိုသာအမှာတော်ရေးမင်းနေ

မျိုးမင်းထင်သိမ်သူမှတ်သားထားသတည်း။မန္တလေးရတနာပုံမြို့ကို။ ထိုအခါက။ခေတ်အလျောက် (မြောက်မြို့) ခေါ် ကြသည်။

၁—ဘုရားဟောကျမ်းဂန်လာ မဟောသဓါပြဇာတ်။

၂— ၎င်း ဝေဿန္တရာပြဇာတ်။

၃—ဒဿဂီရိ–ဒေဝကုမ္ဘန်ပြဇာတ်။

၄— ၎င်း ဝဂ်န္တပြဇာတ်။

၅— ၎င်း ပါပဟိန်ပြဇာတ်။

၆— ၎င်း ကာလကဏ္ဏိပြဇာတ်။

၇—ရတုအမျိုးမျိုး။

၈—သီချင်းအဆန်းအရိုးအမျိုးမျိုး။

၉—၁၂လသဘ္ဘွဲ့ညည်းချင်း။ရိုးဘွဲ့ညည်းချင်းအမျိုးမျိုး။ပုပ္ပါးစသော တောတောင်ဘွဲ့ညည်းချင်း အမျိုးမျိုး။ ဇော်ဂျီညည်းချင်း အမျိုးမျိုး။ ဝိဇ္ဇာညည်းချင်းအမျိုးမျိုး။ သန်းကောင်ကျော်အချိန်ညည်းချင်း အမျိုးမျိုး။မူဆိုးစကားအမျိုးမျိုး။ဆိုင်းဆင့်စကားအမျိုးမျိုး။ ။လသဘ္ဘွဲ့ညည်းချင်းများတွင်။တပေါင်းလသဘွဲ့မှာ။အခြားလများထက်ပုဒ်ရေများစွာပိုမိုသည်။ ၇ ပုဒ်တွေ့ရသေးသည်။

ဆရာကြီး ဦးကြင်ဥအကြောင်းပြီးပြီ။

## ဒေဝကုမ္မန်ပြဇာတ်။

——:ဝ:——

ဇယတုသဗ္ဗမင်္ဂလံ (၁)။ ။ဇေယျာဘုမ္မိပြည်တည်။မင်းနှင့် အမတ်တို့ထွက်၍ မေးမြန်းတင်မြန်းပြီးလျှင် (၂)။ ပုဏ္ဏားတော်ကိုခေါ်စေ။

မင်းကြီးဆို။ ။သာမယာဇ္ဇ၊ဏ္ဍယုဇေဒင်၊သုံးပုံခွင်ကို။ ကျွမ်းကျင်လိမ္မာ။ခွဲးစိတ်ဖြာသည့် (၃)။မဟာသာလ၊ ဗြဟ္မဏာ။ ။ဘုရား။ ဝံသနန်းညွှာ။ ရွှေထီးဆောက်သို့ (၄)။ ရွှေနောက်မြင်မြော်။သားနှစ်ဘော်၏ ဇာတာတော်ကို။ တွေးခေါ်ဆင်ခြင်၊ကျမ်းဇေဒင်နှင့်။ ကုန်စင်အောင်ဆေးကြောကြရမည်၊

ပုဏ္ဏားတင်။ ။ရွှေပြည်ဇေယျာ။ စိုးချုပ်ချာသည့်။ တကာမင်းမြတ်။သောင်းလုံးနတ်။ ။ဩရသ်သားကြီး။ဘုန်းနေမီးသို့။နန်းထီးရိုက်ရာ။စံထိုက်စွာသည်။မဟာရောဇ။ကုမာရမှာ။ယက္ခဇာတာ၊နက္ခတ်ပါသောကြောင့်။ ခန့်တာချင့်တွက်။ ဟောရန်ချက်မှာ။ ၇-ရက်လည်၊ ဘီလူးပြည်သို့။ပါမည်အကြောင်းမြင်ချေသည် (၅)။ဆင်ခြင်နိုင်းရှည့်။ တိုင်းထွာညှိ၊သတိထားတော်မူပါဘုရား။

မင်းကြီးဆို။ ။မှူးတော်မတ်တော်များ (၆) ။သည်းချာသားဦး။ နန်းညွှန့်ရှူးသည် (၇)။ ဘီလူးတို့ပြည်။ပါလိမ့်မည်ဟု။ ထူးလည်ခြားနား။ဆရာများက။ငါ့အားတင်ချက်ရှိချေသည်။ ။ဘီလူးဌာန။မပါရအောင်။ အဂ္ဂမဟာသေနာပတိ။ပြည်ကြီးချက်ချာ။လိမ္မာရိပ်ခြည်၊ သိသည်အတိုင်း။ညှိနှိုင်းတိုင်ပင်။ မှူးမတ်များက။ ငါ့အားတင်။

တင်ပါသည်ဘုရား။ဘီလူးအရိုင်း (၈)။ တိုင်းပြည်ရွာသို့။မပါနိုင်အောင်။ကြီးခိုင်လုံခြုံ။ ရပုံခပင်း။မြို့တွင်းမြို့ပ။နေ့ညမပြတ်။ စောင့်ကြပ်အိပ်ဘန်။အတန်တန်ကို။စိမံခွဲးခန့်ပါတော့မည်ဘုရား။

---

(၁)ဇေယတု—မ (၂)မေးမြံမေး-တင်မြံတင်ပြီးလျှင်—မ။ ရ(၃)ခွဲစိတ်ဖြာတဲ့—မ။ (၄)ရွှေထီးအောက်သို့—မ (၅)မြစ်ချေသည်—မ (၆)မှူးတော်မတ်တော်တို့—မ။ ရ (၇) နန်းညွန့်ဘူးသည်—မ။ ရ (၈) ဘီလူးခရိုင်—မ။

မင်းကြီးဆို။ ။မှူးတော်မတ်တော်တို့။ ။ဗေဒင်အထွက်။ဆရာပုဏ္ဏားတို့။တင်စကားနှင့်။မမှားဆက်ဆက်။၇-ရက်တွင်(၁)။ ချင့်တွက်အမြန်း။ လေးစွဲလှံခါး။ကာလွှားမီးပေါက်။အမြောက်သူရဲ။ ခါးစွဲးမြိရုံ။ အတန်တန်နှင့်။စံတော်မြို့ကို၊ဝန်တို့ကစီရင်။

တခန်းရပ်။

ဘီလူးမခန်း(၂)။ ။မနိမ့်မမြင့်။ဆင်တိုင်းဘင့်ပါသည့်။ဘီလူးမင့်နှမ။ ဝကီးယတဲ့။ကာလပုံနည်းယူ။တို့ကိုဖြင့်မတူ။နန်းတော်သူအသုံး။ အမြိတ်နှင့်အထုံး။နှလုံးကပြန့်ပြော။ချောတယ်လို့မချော (၃)။ ကိုယ်ရို့ဖြင့်ပြောပြီဘု၊လောကဝတ်ပျူငှါ၊ချင့်တိုင်းထွာလိုက်လျှင်။ မာယာကလေးဆယ်။ ပရိယာယ်တထောင်။ အယောင်ဆောင်တသောင်း။ အပျောင်းမှာတသန်း။အဆန်းနှင့်အယဉ်မှာ။အသျှေပကောဒို။ကြွာကြွာဝါးမှ။ခါးမှန်းသိရမယ်။အပယိ ပဂေး။ မှန်နန်းစံလက်ရွေး။မင်းမဟော်ကျေးကဲ့သို့။အတွေးနှင့်အခေါ်။အမြော်နှင့်အမြင်။ဆင်ခြင်နိုင်းထောက်။ ခန့်တိုင်းလဲပေါက်ပေငဲ့။ ဉာဏ်ကောက်ကို ဖြောင့်။ ဉာဏ်ထောင့်ကိုဖြတ်။ဉာဏ်ကတ်ကိုခွါ။ လိမ္မာလျှင်ကွေ့လည်း။ ယင်းသို့သောဉာဏ်ရည်နှင့်။ မရှည်မကြာ။လူ့ပြည်ကိုမယ်သွား၍။ လူသားကိုရှာတော့မည်။ နားတန်းဆာ သောဘာရုံက။ ပတ်ယဉ်ပုံ ပျိုးတော်မူလိုက်ပါ့မောင်ကြီးရှင့်။ ။ရောက်စေ။

သယ်။ ။မင်းဆင်းရဲသား၊လှံဓါးလက်နက်။တခဲးနက်နှင့်။မြို့ထက်ဝန်းကျင်။လုံခြုံအောင်စီရင်၍။ဝင်ရမည်ကြွပ်တဲး။အလွန်ပင်ခက်ခဲးပါကလား-မိယကွငယ်။ ။ဟဲ့ခိုယကွ။နင်နှင့်ငါ။စားရန်တို့အစာ။ရှာမယ်လို့လာကြတယ်။မပါလူသား။ဘာလာခွေသွားကြလျှင်။မစားရဇိမ်ပြန်။သနားစရာ့ဘာတေလံ (၄)။ပုဂံနှင့်ညောင်ဦး၊တောင်ကျူးမြောက်ပြေး။ ရွာဆော်ကြီးခွေကဲ့သို့၊ မိန်းမရေးပျက်ချေ့မယ်မိသကွ။ ။မိ

---

(၁) ၇ ရက်တွင်း—ရ (၂) ဘီလူးမထွက်—မ (၃) ချောတယ်လို့မို့ချော -မ (၄) တရားနာတာတေလံ—မ။ ရ။

ယကျွငယ်။မြို့တွင်းသို့အဝင်။အလွန်ပင်ခက်ခဲး၍။ခဲးစေတော့ ခက်စေတော့။ စိတ်မလျှော့ ကြိမချ။အပလီတွင်ခေါင်ကျူးတဲ့။ ဘီလူးမင်းနှမ။ ဝဏ်ဳိယတဲ့၊ အနဂ္ဃအဘိုး။ မြကြိုးရှက်လိမ်။ ရွှေပန်းထိမ်အနေ။ခတ်လုပ်သည့်ဂပောလို။ဆယ်ဥာဏ်သေမတတ်။အရောင်ချင်းရှက်စပ်၍။ နဝရတ်ပုခက်။ဘန်ဆင်းလို့ဆက်ရလျှင်။ တို့လက်သို့ရောက်ကရော့ပေါ့လာဟယ်။

တင်ပါသည်ဘုရားဆို၍။ လူယောင်ဆောင်ပြီးလျှင်။ နန်းတော်သို့ဝင်စေ။ ။မင်းကြီးကအပျိုတော်အရာနှင့်၊ သားတော်ထံ ထမ်းရွက်စေ (၁)။ညဥ့်ရောက်လျှင်။ပုခက်နှင့်တကွ။ခိုးယူထွက်သွားစေ။

ဘီလူးမဆို။ ။တဘန်ချင့်လှိုင်း။ဥာဏ်တော်နှင့်နှိုင်းခဲ့လျှင်။ တိုင်းယကျွပန်စ။ မောင်ကြီးဘုရားနှင်းဆီ။ အပလိခရာပို။ ဆန်းသမျှတက္ကသိုလ်၊ယဉ်ဆိုမနေခဲတ် (၂)။ဒူးကိုပင်ဖြတ်ဝံ့ငဲ့။သပ်စေတော့ကာလသား၊ကျွန်မနှင့်ညားရလျှင်။ငါးဆုပ်သစ်မှ၊သက်ရှိကောင်လို။ထောင်၍ထရမည်။ထားကြရော့သတိ။ခါတ်ကြောကိုမသိ၍။ပေါင်းမိလျှင်ကျွန်ဖြစ်။တမျိုးလုံး (၃)။ပုံးပုံးနစ်ရမည်။ဖြစ်ဆစ်သဘော။သနစ်ကိုပြောပြီဘု(၄)။အတွေ့ခံဆိုအနက်။ရှင်ကစ္စည်းဆရာ။ရှစ်စောင်သောသဒ္ဒါကို။စိတ်ဖြာ၍ညက်သည့်နှယ်။ ဆိုင်းချက်ကျနားလည်။ ဥာဏ်ရည်ကြွရည်။ဘန်ကြည်ကြည်စိမ်းမြမြ။မြဇာတအဟာန်။ကျွန်မတို့အပြန်ကို။ယဉ်ရစ်တံပွေလိုက်စမ်းအုန်းရှင့်(၅)။ ။ဝန်တို့ကသားတော်ပါသွားကြောင်းကိုတင်စေ။ ။မင်းကြီးက ပေါ့လျော့ကြောင်းများနှင့်၊ နှုတ်ထောက်ပြောဆို၍ပြီးလျှင်၊

တခန်းရပ်။

———○———

ဘီလူးမက။မစားဘဲသားပြု၍။မင်းသားနှင့်ထွက်ပြီးလျှင်။ပိုင်သည့်တောတောင်ကိုလိုက်ပြစေ။

---

(၁)သားတော်ထံထမ်းရွက်စေအမိန့်ပေး—မ (၂)ရင်ဆိုမနေတတ်—မ၊ရ(၃)တမြို့လုံး—ရ (၄)သနစ်ကုန်ပြောပြီဘု—မ (၅)ယဉ်ရစ်တန်ပွေလိုက်စမ်းပါအုံးမောင်ကြီးရှင့်—မ။

ဘီလူးမင်းသားဆို။ ။ယောကျ်ားသားနော်။ဇမ္ဗူပေါ်တွင်။ တေ
ဇော်ကြီးဘိ။ ငါအားချီရလျှင်။ နှံ့သိစကြာဝဠာ။ ပောဝဏ္ဏာမြင်းမိုရ်၊
ယုဂန္ဓိုရ်ဣသိန်။ကရဝိန်အသကဏ်။တောင်ရံအသွယ်သွယ်။ လေး
သွယ်သမုဒ္ဒရာ။မန္တာခိဋ္ဌ(၁)၊ တည်ကြည်စွာသည်(၂)။ငါယက္ခဟု။
တေဇကျော်ဟိုး၊ ဘီလူးမျိုးတွင်။ တန်းခိုးနှံ့သိ ငါဖြစ်သည်။ စိန်တ
ရထည်။လက်ရုံးရည်နှင့်။ဇာနည်ဇနိန်။ရွှေဘုန်းတော်ချိန်မှီအောင်။မြိုင်
ချောင်သို့ထွက်ရဦးတော့မည်။ ။မတထောင်။တကောင်ရှိညွတ်တဲ့။
တမွတ်ကိုယ်ထူး။ကိုးပါးရယ်အရုံနှင့်(၃)။ လက်နက်ဂုဏ်တသိန်မြင့်
တယ် (၄)။ ဘုန်းပွင့်ဘီလူး (၅)။ ။သည့်တပေါင်အရှနှင့်။မြိုင်စကို
ကူးတော့မည်။ဥာဏ်ထူးသည်အပျို။မရွှေကိုယ်တို့။ဗိုမျက်ရည် ရွှမ်း
တဲ့အောင် (၆)။ လွမ်းပွဲကြီးဆင်တော်မူလိုက်စမ်း။ ။ရောက်၍။
တောတောင်များကိုချီ မွမ်း၍(၇)။

ဘီလူးမင်းသားဆို။ ။သည့်ဂူဟာသည်စံခန်းနှင့်။သည့်မြိုင်နန်း
သည်ရဂုံ။ကျောက်မျိုးကစုံရာမှာ(၈)။ကျောက်ဘရုံကျောက်ဩဇာ။
တာလာကျောက်။တေလေကျောက် (၉)။ နဂါးမောက်နဂါးမှိုင်း။ဒယ်
သံပိုင်းကျောက်အမှန်။ပန္နက်ဥဆိတ်ချေးသံ။သံယံဇာတ။လောဟဆို
အနန္တ၊တရာ့တဆဲ့ခုနစ်မျိုးသောသံကို၊ အပြန်ပြန်ကျောက်မျိုးနှင့်။ အ
ကြိမ်ကြိမ်ထိုးရလျှင်။ချော်ရိုး တောင်လိုမော်တော့ဘယ်။ သုတလည်း
သေ။ ဘင်လည်းသေ၊ မြေကိုလျှိုး။ မိုးကိုပျံ။ အမှန်ကျမ်းနှင့်ညီတော့
တယ်။ တပသီဇော်ဂီတို့ ခဲးကြတယ်။ လုံကွဲး တောင်လိုမော်တော့
တယ်။ ။နေခြည်ရောင်ညို့ သမ်းလို့။တောင်ကမ်းငယ်မှောင်။ ပင်သူ
ရောင်ဘုံနန်းက (၁၀)။ ကုန်ဆန်းပေငဲ့။တောရိပ်ကယ်ခို။ပိဋ္ဌာမိုရ် သူ
ယောင်ပျော်တဲ့။ဂူမှော်ရုံဟောဝန်နန်းမှာ(၁၁)။ပန်းလို့သေခဲ့။ ။တယ်
ဆန်းတဲ့တောပေပ–မယ်မယ်ဘုရား။

---

(၁)မဏ္ဍာခိဋ္ဌ–မ။ရ(၂)တည်ကြည်ကြသည့်–မ။ရ(၃)၉–ပါးငယ်အစုံနှင့်–မ။ရ(၄)လက်
နက်ဂုဏ်သိန်မြင့်တယ်–မ။ရ(၅)ဘုန်းပွင့်တဲ့ ဘီလူး–မ။ရ(၆)ဗိုမျက်ရည် ရွှန်းတဲ့ အောင်–မ၊ရ
(၇)ရောက်၍တောတောင်စခန်းကိုချီးမွမ်း၍–မ (၈) ကျောက်မျိုးကစုံသနှင့်–မ (၉)တေလာ
ကျောက်–မ (၁၀) ပင်သူရောင်ဟိုနန်းက–မ။ပင်သူရောင်အိုနန်းက–ရ(၁၁)ရွှေဂူမော်ဟောဝန်
နန်းမှာ–မ။

မေး၍ဘီလူးမကဆိုစေ။ ။ဟုတ်ကဲ့မောင်မောင်ငယ်။မယ်တော်စားသော သည်နယ်ပယ်သည် (၁)။ ဝိဇ္ဇာဇော်ဂီ။တပသီတို့။ခိုမှီတဲ့တောပါပဲးမောင်မောင်ငယ်။

တခန်းရပ်။

သိကြားဆို (၂)။ ။ဇေ-ပါရိဆတ္တကာ။ ရက္ခဆန်းပြား။ ရွှေငွေတလင်း။ ကသစ်ရင်းမှာ။ ခင်းကျင်းထားသည့်။ မြသားပလ္လင်။ လဲးဝါနှလည်း။ယခုထူးလည်။ဘယ်အခင်းကြောင့်။ မာတင်းသည်။ လူပြည်မြန်ရပ်။ လောကဓါတ်ကို။သဟာသက္ခ။ထောင်မျက်စိနှင့်။ဂိရိပဗ္ဗတာ။မြင်းမိုရ်ချာက။မူရာယှဉ်းကွက်။တင်းမာချက်ကို။ချင့်တွက်နိုင်းလျှော်။ဥာဏ်ဖြင့်မျှော်။ကြည့်တော်မူရဦးတော့မည်။

သယ်။ ။ခြားအခင်းကြောင့်။တင်းခြင်းလက္ခဏာ။ မဟုတ်ရာ။ဘီလူးရင်ခွင် (၃)။နို့ရည်ဝင်သောကြောင့်။ဗုဒ္ဓင်္ကုရ။ဘုရားအလျာ။မဟာရောဇ (၄)။ ကုမာရလဲး။ဒေါသစွဲကပ်။ပေါရိသာဒ်သို့။နာနတ္တရုံ။ရုပ်ပေါက်ပြန်။ ဇေကန်ဘီလူးဖြစ်ချေသည်။ ဘီလူးရုပ်ရည်။ ပေါက်ပြန်ထွဲးတဲ့။ရဲးဇာနည်ကို။ဘုံ့ပွဲမည်နာမံ။အဝ်နှင်းရန်။အမြန်သွားရဦးတော့မည်ကဗျား (၅)။

ရောက်၍ဘီလူးမကမေးစေ။ ။ထိန်ထိန်ပြောင်ပြောင်။ လောင်ကမန်းခြင်း။ရုပ်ဆင်းခြားနား။ဇာတိဘွား။သင်ကားဘယ်အမျိုးပေတုံး။တန်းခိုးအမိန့်ရှိစမ်းပါရှင့်။

သိကြားဆို။ ။ယက္ခအဆွေ။ငါ့စကားကို။ထောင်နားခြွေ (၆)။ရွှေမြမြောက်ထပ်။တန်းခိုးကွပ်သည့်။နတ်၏အရှင်ငါဖြစ်သည် (၇)။

ဘီလူးမဆို။ ။တေဇာကြီးမား။ မြင်းမိုရ်ဖျားက။ သိကြားဖြစ်လျက်။ဘယ်အတွက်ကြောင့်။ကျွန်မပျော်ရာ။ဟောဝန္တာသို့။လာသည့်

(၁)သည်နယ်—သည်ပယ်သည်—မ(၂)သိကြားထွက်၍ဆို—မ(၃)ဘီလူးရင်ခွင်—မ (၄) မဟာသံရောဇ—ရ(၅)အမြန်သွားရဦးတော့မည့်-မ(၆)ငါ့စကားထောင်နားခြွေ—မ(၇)နတ်တို့အရှင်ငါဖြစ်သည်—မ

ကိစ္စ။ ရှိသမျှကို။ ဖြွက်ဟာထုတ်ပေါ်။ အမိန့်တော်ပြန်စေချင်ပါသည် (၁)။ မြောက်ဘုံရှင်ဘုရား။

သိကြားဆို။ ။မယ်ဝဂ်ီယာ။ ဘီလူးမ။ ။မြတ်ဆုပန်တောင်း။ သင်မွေးမြူသည့်။ သူငယ်လောင်းသည်။ ကြာညောင်းမြင့်ရှည်။ ဘီလူးပြည်တွင်။ ဘက်ရည်မတူ။ စိန်မှန်ကင်းသို့။ တမင်းမူ။ ရိပ်ဖြူသုံးနှစ်ရိုးလိမ့်မည်။ ဖြန့်မိုးပြီးခါ။ သာသနာ။ သုံးဝါရှက်ဆောင်ကြီးလိမ့်မည်။ သုံးဝါရှက်ဆောင်။ ကြီးပြီးနောင်။ ရွှေတောင်ရွှေနန်းစိုးလိမ့်မည်။ ဘရိုက်ရာတည်။ ထီးနှင့်နန်းကို။ စံမြန်းမည်ဟု။ ရွှေပြည်နတ်ရွာ။ ဝတိသ်ာမှာ။ ကောလာဟလဖြစ်နှင့်သည်။ ကောလာသိုက်ညီ။ လေးကျွန်းစိုးမည့်။ မျိုးသာကီကို။ ယာယီကျွန်းချေ။ မဟာရောဇ။ ငယ်နာမကျိုး။ ပျော်ပစေ၍။ ဒေဝကုမ္ဘာန်။ အောင်ပွဲခံဟု။ တဖန်နောက်ထင်။ ဘွဲ့နိမိတ်နှင့်။ တံဆိပ်တော်ခတ်လိုက်မည်။ လောကဓါတ်လုံး။ ဘက်မွဲ့ကျုံး။ စက်ဘုန်းနေသို့တောက်လိမ့်မည်။ ။ဆို၍ သိကြားပြန်စေ။

ဘခန်းရပ်။

——။၀။——

ဒေဝကုမ္ဘာန်ဆို။ ။တောင်မြင်းမိုရ်ဦး။ မကကျူးသည့်။ ကျေးဇူးသခင်။ မွေးမိခင်။ ။မင်းသားတို့တတ်ရာ။ အဋ္ဌာရသသည်။ ဆဲ့ရှစ်ရပ်ကို။ မတတ်သေးပါ။ သို့အရာတွင်။ ရေစာမြိုးခြံ။ ကမ္ဗဋ္ဌာန်းကို (၂)။ စီးဖြန်းသည် (၃)။ ဈာန်ယဉ်ပျော်လေ့။ လွန်သိမ်မွေ့သည်။ ရသေ့ထံမှာ။ အပ်နှံပါ (၄)။

ဘီလူးမဆို။ ။ရဲးတမ်းခွန်လွှင့် (၅)။ လွန်ရဲးရင့်သည်(၆)။ မိခင့်မျက်မှန်။ သားသက်နှံ။ ။တောကျောင်းပျော်မွေ့ (၇)။ ဈာန်ရှင်လေ့သည့်။ ရသေ့ထံမှာ။ အမြန်သုံးနှစ်အပ်ထားမည်။ ကြိုးစား၍ သင်ခဲ့မောင်မောင်။

---

(၁)အမိန့်တော်ကို။ပြန်တော်မူစေချင်ပါသည်—မ။အမိန့်တော်၊ပြန်တော်မူစေချင်ပါသည်—ရ (၂)နိဗ္ဗာန်မဂ်လမ်း၊ ကမ္မဋ္ဌာန်းကို—မ(၃)စီးဖြန်းအံ့သည်—မ(၄)ရသေ့ထံအပ်နှံပေးပါမယ်တော်ငယ်—မ(၅)မာန်တခွန်လွှင့်—မ၊ ရ(၆) လွန်ရဲရင့်—မ(၇)တောင်ကျောင်းပျော်မွေ့ --ရ

ဒေဝကုမ္ဘာန်ပတ်တိုက်။ ။ရောသည့်တခါ။ မြတ်ဆရာထံရင်း။ ဝတ်ဖြည့်ချဉ်းတော့မည်။ အင်ကြင်းပင်စဉ်၊ မလ္လာမင်းဥယျာဉ်ဝယ်။ သဗ္ဗညုဘုန်းခေါင်။ လူသုံးပါးဥသျှောင်၊ အာယုကွဲယော၊ ဝမ်းတော်မြတ်ရွှေ့ လျှော၍ ။ တေဇောခါက်လောင်သောခါ။ ဘလဘောင်အခုန်း အခုန်းတက်၊ အောက်အထက်ပြောင်းပြန်၊ နယ်ပတ်ကုံး၊ ချိမ့်အခုန်းကာည့် သည့်နှယ်။ တော်ခံသည်ပိုင်းဘုရင်က။ ပွဲတင်သံပြ။

ဆရာတော်ထံရောက်စေ။ ။ဃာရာဝါသ။ သမ္ဗါဓဖြင့်။ ဒုက္ခဘဲး ကြဉ်။ ကောင်းရာကိုယှဉ်ပါတဲ့၊ အရည်ဝါ။ မြတ်ဆရာ။ ။ဗါဟိ အဏ္ဏာဘွာ၊ ဥပဒ်ဘေးဖြင့်။ ကင်းဝေးကွာ (၁)။ ကျွန်းမာတော်မူပါစ ဆရာတော် (၂)။

ရသေ့ဆို၊ ။ငေ-ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ်များစွာ။ တကာတော်က၊ ပို့သပေသည့်၊ ရေမေတ္တာကြောင့်၊ ကျွန်းမာပါ၏ တကာတော်။ ။ ဒေဝကုမ္ဘာန်ပညာသင်၍ နေစေ။

## တခန်းရပ်။

သိရှိဇေဿာပြည်။ မင်းကြီးသို့မ်းတော်၊ ကဥ္စာဝတီ၊ မာလာဝတီတို့ ဥယျာဉ်ကစားလာစေ၊ ။ရသေ့ဆွမ်းခံအသွားတွင်ဆိုစေ။

သယ်။ ။ငါရသေ့ပျံ၊ အာကာယံက။ ဆွမ်းခံမည်လာပါသည်။ ဒါယိကာမ၊ သူ့ရုပ်သွင်ကို၊ ငါမြင်ရလျှင်။ ရင်ဝမှာလှိုက်ဆူ။ ပင့်သက်များရှူရာတွင်။ ဘုတ်ဝင်သောသူကဲ့သို့။ လောဘမူစိတ်။ မာန်မုန်ယို၍ ။ ချွန်းညှိုနှင့်ချိတ်သော်လည်း၊ ဆို့ပိတ်မရ။ တကာမစောအခုံ၊ မာဒန္တီရုပ်ပုံကို၊ တရံကြုံမတွေ့ဘူး။ အမောနှင့်အမူး၊ တအောင့်လောက်အသေ၊ ဘွားကနဲ့မြင်လေလျှင်၊ ပုဏ္ဏားတွေရူးသည့်နှယ်၊ မထူးပကာတိ။ ငါ့ကိုယ်ဝယ်၊ ဘယ်နှယ်ရှိပါလိမ့်။ ဘုရားဘုရား။ ။ဆို၍ ရသေ့ချာန် လျှောစေ။

(၁) ။ကာဝေးကွာ-မ (၂) မူပါလား ဆရာတော်-မ။ ရ

သယ်။ ။ငါ၏ရာချန်ပင်၊ လျှောကြောင်းအင်မှာ၊ တမင်ပေါက်ထွင်း။ခြားအခင်းကြောင့်။လျှောခြင်းလက္ခဏာ၊မဟုတ်ရာ၊ဥမ္မာဒန္တီ။တူစုံညီသည့်။တေဇ္ဇာဂူဗ္ဗချာ။ချောဆိုတဲ့ချော။တကယ်ချောတဲ့၊ ချောကွန်ချာကြောင့်။ခန္ဓါနာမ်ရုပ်။ပိုးမျိုးမြားမြောင်၊ရှစ်ဆယ်လှောင်သည့်၊အကောင်ပုပ်ကို။သိမ်းချုပ်မရ။မကုန်သဘော။အာသဝေါ၊ ကာမောဃသာဖြစ်ချေသည် (၁)။ ငါ့တပြည့်တို့။ သည်ရွှေမှုံဝတ်၊ ခြေံပြစ်လွတ်သည်၊ ယဉ်ညွတ်ကြို့ကို။ နှစ်ကိုယ်တစိတ်။စေတနာဖိတ်ရန်တို့၊ ပိတ်တောစလွယ် (၂)။ ဆားနှင့်ချဉ်သီး။ချိပ်နှင့်မီးသို့။နီးစလွယ်အောင်။အောင်သွယ်ပိုင်းရောက်ပြန်ပေမင့်ဗျား၊ ။ရသေ့ပြန်စေ။

ဒေဝကုမ္ဘန်ဆီးကြို၍မေး၊ ။(၃)ဃရာဝါသ။သမ္ဗါဓဖြင့်။ဒုက္ခဘဲးကြဉ်။ကောင်းရာယှဉ်ပါတဲ့၊အရညဝါ။မြတ်ဆရာ (၃)။ တရုံတုံမှ (၄)။ မကြိုဘူးပါ။ သည်တခါ။ မြေမှာလှမ်း၍။ ပင်ပန်းတမျှ (၅)။ကြွလာရသည်တကား။သိသိသာသာ။ တပည့်တော်အား၊ ဖြစ်မျက်သေချာ။ကြောင်းသိသာအောင် (၆)။မြန်စွာမိန့်တော်မူစမ်းပ၊ ဆရာတော်ဘုရား။

ရသေ့ဆို၊ ။ပြောမည်သနစ်(၇)။အသင်မင်းသား၊ ဖြစ်ဟန်များကို။ခွဲနားလှစ်၊သင်းရန့်ရုံ(၈)။သိရိဇေယ်ာ၊ဝပြောသသည့်။ အောင်ချာဘုံတွင်၊ ဖူးငုံမြည္ဒာ၊ မင်းကဥ္စာနှင့်။မာလာဓေါ်တွင်။ညီမနှစ်ယောံ၊ယဉ်ပင်ပေါက်တဲ့(၉)၊ ခြောက်ပြစ်စင်ကို။မြင်လျှင်ပြကတော့၊ ဆွမ်းခံသွားတွင်၊ထက်ကောင်းကင်က။ငါမြင်တွေ့၊ ယွင်းလေ့ဝသိ။ မူးခွေရီ။လောကီရာချန်မှလျှောချေသည် (၁၀)၊ ရာချန်မှကွေ့ကွင်း။ လျှောကျခြင်းကြောင့်၊ မြေခင်းအပြော၊ ယူဇနာကျယ်သည့်၊ ခြေံဆယ်တောတွင်။တတောထွက်ဝင်။ ငါဘုန်းခင်။ခြေကျင်လှမ်းခဲ့ရသည်တကား၊တကာတော်။

---

(၁)အမှောဃသာဖြစ်ချေသည်။—မ။ရ(၂)ပိတ်တောစစွယ်—မ(၃)–(၃)သီလသမာ။ဝုဏ်ပညာနှင့်။ စုံလင်တော်မူပါတဲ့။ ဆရာတော်ဘုရား—မ(၄)တရံဘူးမှ—မ။ရ(၅)ပင်ပန်းတမူ—မ။ ရ(၆)ကြောင်းချင်းရာ—မ (၇) ပြောရမည်သနစ်—မ (၈) အင်ခုနစ်စုံ—မ။ရ (၉) ယဉ်ပင်ပေါ်တဲ့—မ (၁၀) လျှောလေသည်—မှ

ဒေဝကုမ္ဘန်ဆို။ ။အရည္ဒဝါ(၁)။လျှော်တေသက်နိုး။ကမ္ဗောဇ္ဈာန်း နှင့်။ မဂ်သမ်းရှာသည်။ ဆရာသခင်။ ကျောင်းကြီးရှင်။ ။မမြင်အ ပြော။တော်ထက်တော်။တော်တော်ချောဖြင့်။ သဘောစိတ်တွင်။ချော တယ်လို့ထင်ပါဘူး။ဥကင်ဘုံနန်း။သန်းရွှေ့ဆံကျင်၊လက်ယာတင်ဘို့။ ပင်သပန်းမှာ။ရေဖျန်းခံထိုက်ပါမလားဆရာတော်။

ရသေ့ဆို။ ။တကာမင်းသား(၂)။ ဆရာ့စကား။ပြောဟန်များ ကို၊ချိုနှားသွင်း။မင်းသွိ့းအချော။အတွေးနှင့်အတော။အဝေးကစိတ်ဇော နှင့်။ ချောမချောကို။ပြောရပြောရန်။ မရှိတန်။ကေန်သဘော။ငါရသေ့ ပျံ။မချောမှန်က။ချာန်မလျော။ချောလို့သာပ။ငါစင်မက်မော။ရတက် ဇောနှင့်။ ချာန်လျော၍ကျရသည်။ ဥကာသ်ဘုံနန်း။ သန်းရွှေ့ဆံကျင်။ လက်ယာတင်ဘို့။ပင်သပန်းမှာ။ရေဖျန်းခံထိုက်ကဲ့ဟကာတော်။

ဒေဝကုမ္ဘန်ဆို။ ။ရောသည့်တခါ။ ငါလည်းဆယ်ခြောက်။ သက်ရွယ်သို့ရောက်ကပြီ။ ပိန်ကျောက်တရထည်။ ထိန်တောက် သည်။ ရောင်ခြည်အလား။ ယောက်ျားဇာနည်။ တောင့်တသည့်အ နိုက်။ယားရာကိုခြင်ကိုက်။ရိုက်လိုက်ချည့်မလွဲ။ပုိုလုံမ ရှောတိုးကို။ မိုးကြိုးနှင့်အကျယ်။ မဂ်လာပုံဆန်း။ဖဲပါစဉ့်ဖမ်းပြီးလျှင်။ ကြိုးတန်း၍ စနက်သွယ်။ ငါ့လက်ဝယ်မလွဲ။ပိုင်ရအောင်ခဲ့းတော့မည်။ ။ အောင်ပွဲကြီးဆုခံ။ ကာသစ်ကာယ်ရွှေညာက။ ဒေဝရာသံချိုညွှန်း။ ခွန်း မိန့်ဗျာသံ။ ဘွဲ့ပုံတော်နှာမနှင့်။ဒေဝကုမ္ဘန်။ သောင်းရန်ညွှန့်ဆွတ်ရူး။ (၃)။ဘုန်းစံရာ။ မိတ်ဘက်ကာယ်ရန်ကလျာဘို့။ မင်းကဋ္ဌာပြာပြာလဲ့ ကို။ကြိုးမဲ့ဘိလှူး။ ။ဆိုပြီးလျှင်။

တခန်းရပ်။

—— o ◈ o ——

ယက္ခဒိပတိုင်းပြည်မယ်တော်က။ ဝရီးတော်ဘိလှူးမင်း နတ်ရွာစံ

(၁) အရည္ဒဝါနေ့တောရပ်မြေ-မ(၂)တကာတော်မင်း—မ(၃)အောင့်ရန်ညွှန့်ဆွတ်ရူး—မ။ရ

ကြောင်းနှင့်၊ ဘီလူးအမတ်များကို၊ သားတော် ဒေဝကုမ္ဘန်မင်းသား
ထံ၊ အခေါ်လွှတ်စေ။

မင်းသားကဆရာထံခွင့်ပန်၍၊ လိုက်စေ။ ။ရောက်လျှင် ဆိုစေ။
ဘီလူးအမတ်တို့။ ။ငါကားယခု။ဇေယတုနှင့်။ဘီလူ့တိုင်းပြည်။
ဘိသိက်ခံ၍၊ ။စံရမည်မှာ။မိတ်ကြည်ကလျာ။သန်းရွှေဘောင်မှာ။ထား
တောင်ညာ။ တင်ရာငါ့ဝယ်ခုမရှိ။ တရိသဲ့သဲ့၊ ဒီပါကျွန်းဦး။ စိုးပိုင်
မှူးသည့်။ဘီလူးမဲ့မို့ (၁)။ ကဲ့ရဲ့စဘွယ်။ ရှိတော့မယ်။ ထံခွန်မလွှား။
ရထားမတင့်။ ကြောင်းမသင့်သောကြောင့်၊ ရေနှင့်ရွှေကြာ။ ကဲ့ပမာ
သို့။မေတ္တာသက်ပံ့။လယ်ယာနှံ့ဘို့။ လေးတန်စက္ကူ။နက်သန်ရှိသည့်။
သိရိဇေယာ။တိုင်းအောင်ချာမှာ၊ ကဋ္ဌာဝတီ။ရွှေပေါင်းခတဲ့၊ ဖှာကေ
သိကို။ရုံစီစကား။ သတင်းကြား။ သွား၍တောင်းဆိုချေရမည်။ ။
ဘီလူးအမတ်များက။မသင့်ကြောင်းနှင့်တင်စေ။

ဒေဝကုမ္ဘန်ဆို။ ။မတူတူကြောင်း။ ရာဇသံနှင့်။အမြန်တောင်း။
ထပ်လောင်း၍ မတင်ကြနှင့်ဟဲ့။ ။ဆိုသည်ကာလလည်း(၂)။ဘီလူး
အမတ်တို့။မလွန်ဆန်ဝံ့၍သွားစေ (၃)။

ရောက်လျှင်ဘီလူးအမတ်က ဆိုရန်စကား (၄)။ ။ငါတို့သခင်၊
ဘုရင်ခေါင်ချင်း။တို့ရှင်ရင်းက။ မင်းတို့သင်းကျစ်။ကေရာဇ်၏၊ ရင်နှစ်
သည်းချာ။ မင်းကဋ္ဌာကို။ ကြင်နာတော်ဝေ။ တောင်းဆိုစေသော
ကြောင့်၊ မနေထုတ်ချောက်၊ သည်ရွှေမြို့သို့။ကျွန်ုပ်တို့ရောက်ရသည်၊
ရှေ့နောက်သင့်လျော်။ အကြောင်းကြောင်းကို၊အောင်းမေ့မှော်။ အမိန့်
တော်ရှိကြပါဦး။ဝန်မင်းတို့ဗျာ။

ဝန်ဆို၊ ။အမျိုးမမှန်။စာဂတန်၊ အကြီစိတ်လွန်၊ဘီလူးကျွန်တို့။
ညှန်ညှန်ထုတ်ချော်။ဝင်လာရောက်သည်။ မထောက်မနှိုင်း။သဘောက်
နှင့်ကျိုင်းကဲ့သို့၊ အရိုင်းဖိဖိ။ဒုစိန္တိ၊ မှိုမှိုကမ်းကမ်း။တုတုပပ။ရှုမဝတဲ့၊
ရွှေများပန်းကို။တောင်းရမ်းမည်သော။နားဝယ် ရုံညှို။မသတီအောင်။

---

(၁) ဘီလူးမဲ့ကို–မ(၂)မ–၌မရှိ (၃) –သွားတောင်းကြစေ–မ(၄)–အမတ်တို့က ဆိုရန်
စကား–မ

သရီပြေါ။ကျော့နှင့်တတောင် သင့်ကြမည်။လူနှင့်ဘီလူး။ ဇာတ်မကျူးဘဲ။ထူးထူးထွေထွေ၊လာပလေ။ အသရေသာ နွမ်းကြတော့မည်လေဟဲ့ပြန်ကြ(၁)။

ဘီလူးအမတ်ဆို။ ။မကောင်းဘဲကြဉ်။ ကောင်းရာယှဉ်သည့်။ ဝန်ပညာရှိ။ မတ်ကပိတို့။ ။သင်ရိုးဇယာမည်။အောင်ချာပြည်သို့။ ဖွေဖွေနှည်းနှည်း။လာရောက်သည်ဟု။မကြည်မျက်ညို့။ပြစ်မတို့လင့်။ ကျုပ်တို့မှာကား။ စေသည့်ကျွန်။ ထွန်သည့်နွား။ မင်းဖျားရာဇာ။စိတ်မသာက။ပေလာယာကန်။နေရပ်ထံသို့။ပြန်ရရုံသာ။ဆယ်ဖြာလက်မိုး။ ရှိညွှတ်ကျိုး။ရှိခိုးသံတော်ဦးတင်ပါဦး။ ဝန်မင်းတို့။

ရာဇသံကို အတွင်းတော်သို့သွင်း၍ တင်စေ။ ။တင်ပါသည်ဘုရား။ရွှေရင်သွေးတော်။သိမ္မတော်၏။သတင်းတော်နှုံ့။ ကျော်စောပျံ့သောကြောင့်။ သီးသန့်ခြားရာ။ ဘီလူးရွာက။ ရာဇသံနှင့်လာရောက်ပါကြောင်းကို (၂)။ရွှေဘွားတော်မြတ်အောက်။ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

သံစာကိုဘတ်။ ။အက္ခရာဝါလ။သရဝေမ။မည်ရှိအမှန်။ကျမ်းဂန်လေးပါ။ မြားသွားယက်ကန်း။နွယ်တန်းပြာသာဒ်။ ရာဇမတ်ကွက်။ ပြတန်ကြက်တပုံ။လုံးရုံဘကွ။လက်နက်မျိုးကို။အစိုးရသော သိကြားဘွဲ့ခံ။ဒေဝကုမ္ဘာန်မင်းသား။မိန့်ကြားစေရောက်လိုက်သည်။ အကြည်တော်သိရိဇေယတိုင်းပြည်ရှင်။ ။မတင်မြွန်ည်။လဲ့ကြည်စိမ်းရောင်။ တောင်ဝေဘူဠ် ရောက်သောပတ္တမြားကို။ သိင်္ဂနိက္ခတည်းဟူသော ရွှေနှင့်။ ဂဟောသော်စပ်မိသော်။ အလွန်တရာအဆင်း။ တင့်တယ်ခြင်းရောက်သကဲ့သို့။ လောကသနင်း။ မင်းဖြစ်သည်နှင့်အညီ။ ယှဉ်မှီမခြား။ သားတော်အစဉ်။ မြေးတော်အဆက်။မြစ်တော်အညွှန့်။အဓွန့်ရှည်စွာ။ အနာဂတံ။ ထပ်မံအသစ်။ ပွါးဖြစ်လိုသည်လည်းတရေး။ လေးအတတ်၌။ ကမ်းတဘက်သို့ရောက်သော၊ သိဒ္ဓတ္ထကုမ္မာရ။ ဘဒ္ဒ

---

(၁)—တော့မယ်ဟဲ့ပြန်ကြ—မ။(၂)လာရောက်ပါကြောင်း—မ

ကဥ္စနာတို့ထုံးကို၊ နှလုံးထောက်ရှု၍၊ နန်းသူ့ဆံကျင်၊ ရွှေရင်တော်နှစ်အကြီး(၁)၊ သ္မီးတော်မင်းကဥ္စာကို၊ တောင်ညာဒေဝီ၊ မဟေသီဆောက်နှင်း၍၊ ဒေဝကုမ္ဘနာမ်မင်းသားကို၊ စုလျားရစ်နှောင်မည်အကြောင်း(၂)၊ မိန့်ကြားစေရောက်လိုက်ပါသည်အကြည်တော်။

မင်းကြီးဆို၊ ၊မိဿာဘီလူး၊ ရန်တဦးလည်း၊ ကျူးကျူးကျော်ကျော်၊ ရွှေနန်းထက်ကြီး၊ ရှုမညီးသည့်၊ သ္မီးတော်ကို၊ ကရော်ကမည်၊ တောင်းလာသည်မှာ၊ ရွှေရည်ဆင်းဝါ၊ မင်းကဥ္စာကို၊ အရာသင်းနှင့်တန်သလား၊ မတူမတန်၊ မရောက်စဘူး၊ အရောက်ထူးတဲ့၊ ဘီလူးသံကို၊ ခြံရံဆီးဆို့၊ စောင့်သူတို့နှင့်၊ ပိတ်ဆို့တံခါး၊ ထောင်မှာသွင်း၍၊ အကျဉ်းထား၊ ထင်ရှားအောင်စီရင်တော်မူမည်။

ဘီလူးသံတမန်များက၊ သံကိုမသတ်သင့်ကြောင်းနှင့် ဝန်တို့ကိုပြောရာ။

ဝန်တို့ကတင်၊ ၊နတ်လူဗြဟ္မာ၊ ဝေနေယျာကို၊ သံသရာစက်၊ ဝဲဂယက်မှ၊ ဆန်တက်အမှန်၊ ညာကျွန်းမော်သို့၊ ပို့တော်သန်၊ ရင့်မှန်လောင်းကျိပ်ဝင်ဘုရား၊ ၊မတူမျိုးခြား၊ ဘီလူးများလည်း၊ ရွှေဘဝါးတော်အောက်၊ ဆိုက်ရောက်ခိုဝင်၊ နတ်တရထည်၊ မြတ်ရွှေရည်ကို၊ တောင်းသည်အင်မှာ၊ တမင်ကြောက်လန့်၊ နှောင်မဝံ့အောင်၊ ကြားနှံ့သိစေ၊ သုသာန်မြေမှာ၊ အသေသတ်၊ ကွပ်ညှပ်သင့်လှတော့ပါသည်(၃)၊ အသေသတ်ညှစ်၊ သင့်သည်ဖြစ်သည်း၊ ကေရာဇ်မြတ်၊ လောင်းမင်းနတ်တို့၊ ယုံမှတ်စေခံ၊ သံတမန်ကို၊ ထုံးစံသတ်မြဲမရှိပါ၊ မင်းတို့ပူဇော်၊ ရွှေကိုယ်တော်လည်း၊ သုံးဘော်လူထံ၊ တည်ပွဲခံ၊ အကြွေတော်ရှိ၊ အင်ဆယ်ထီကို၊ ကုံးသိဉ္စြိ၊ ပါရမီ့အရှင်ဖြစ်ပါသည်၊ ပါရမီရှင်၊ လောင်းကျိပ်ဝင်မို့၊ ဆင်ခြင်ထောက်စ၊ ဘီလူးထံက၊ သံမိဿာကို၊ တခါတရံ၊ ရာဇဒဏ်ကို၊ သည်းခံတော်မူသင့်ပါကြောင်းကို၊ ရွှေဘဝါးတော်မြတ်အောက်၊ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

---

(၁) ရွှေရင်နှစ်အကြီး—မှ၊ (၂) စုလျားရစ်နှောင်မည့်အကြောင်းကို—ရ၊ (၃) ကွပ်ညှပ်သင့်လှပါတော့သည်—မ

မင်းကြီးဆို။ ။တင်ချက်အတိုင်း။ ဉာဏ်သဗ္ဗညု။ ဘုရားဆုကို။ ထောက်ရှုနိုင်း၍။ အရှိုင်းဘာသာ၊ ဘီလူးထံက၊ သံမိစ္ဆာကို။ တခါတရံ။ ရာဇဒဏ် (၁)။ သည်းခံချမ်းသာပေးဦးမည်။ တိုင်းနှင့်မတန်။ တောတောင်ကမ်းခြေ။ သင်းတို့နေသည့်။ မြေရပ်ဌာနကို။ အမြန်နှင်ထုတ်လိုက်ရမည်။ မှူးမတ်များ။

ဝန်ဆို။ ။ငါတို့သင်းကျစ်။ ကေရာဇ်၏ (၂)။ ရင်နှစ်သည်းချာ။ မင်းကဥ္စာမှာ။ မဟာရောဇ။ သံရောဇနှင့်။ ညီမနှစ်ပါး။ မြေလက်ဝါးခတ်။ မိတ်အကြည်ဘို့ (၃)။ ရည်ရွယ်မှတ်။ ကွက်လပ်မဟုတ်ပါအကား။ လင်အရှိသား။ နှိုးလေးပါးနှင့်။ ရငြားအံ့ထင်။ နင်တို့သျှင်။ နားပင်မကြားရော့သလား။ ထူးထူးထွေထွေ။ လာပလေ။ အသရေသာနွမ်းရော့မည်။ ကန်တော့ဆွမ်းလောင်းလိုက်သေးငဲ့လေလဟဲ့ (၄)။

ဘီလူးတို့ဆို။ ။ငါတို့သခင်။ စောနတ်ရှင်မှာ။ ညာတင်သက်နှင်း။ ဘက်တော်ကင်းသောကြောင့်။ မင်းတို့တိုင်းပြည်။ နှစ်ပါးရွေကိုယ်။ လှဘုန်းမိုဘို့ (၅)။ ငါတို့ထောက်မ။ ကုသိုလ်ရအောင်။ လာကြသည်။ မထိစသာ။ ဆယ်လုံးတပြူး။ ခွက်ညောင်ဦးသို့။ ရေနူးလျှင်ကွာတော့မည်။ ဝယ်လာခိုက်ကိုရောင်းလိုက်ကြ။ မရောင်းလိုဘဲ။ ဈေးဦးဆွဲ (၆)။ ရှက်ကွဲးစရာ။ တို့ပြည်ရွာမှာ။ နောင်လာတမူ။ တို့နှယ်လူကို။ ဝယ်သူမကြုံ။ ဈောင်သည့်ကုန်လို။ သက်ပုံဖြစ်ကြလေမကွဲ့။

ဝန်ဆို။ ။ပေါကုန်ရှုံးကုန်။ ငါတို့ကုန်ကို။ ရောင်းကုန်မဟုတ်။ ကွက်လပ်မည်ပင်။ နင်မထင်နှင့်။ လင်ဒုတ်တုတ်၊ ဒုတ်တုတ်ကြင်ရာ။ ရှိလျက်ပါကို။ သက်ာမကင်း။ နင်တို့မင်းလည်း။ ထမင်းပွဲးဖြင်။ ကျွေးအံ့ထင်၍။ တမင်မက်မှား။ တအေးအေးနှင့်။ လက်ဆေးထား။ အလကားနေရမလေပဟဲ့။

ဘီလူးအမတ်တို့ပြန်စေ။ ပတ်တိုက်။ ။ရောသည်တခါ။ မာန်ကို ဉာဏ်ချုပ်။ ချွန်းနှယ်အုပ်၍။ ဆုတ်ခွါ ခွါတော့မည်။ အာဠဝက။

(၁) ရာဇဒဏ်ကို–မ (၂) ကေရာဇ်–ရ (၃) မိတ်အကြည်သို့–ရ (၄)–ငဲ့လဟယ်–မ (၅) လှဘုန်းမိုကို–ရ။ လှဘုန်းမို့ကို။ အလိုနှစ်လို့–မ (၆) မရောင်းလိုက်ဘဲဈေးဦးဆွဲက–မ

နတ်ယကွှမုန်ယစ်။ နတ်ဘုံပြုအစစ်။ လက်နက်ကြီးအာနိသင်။ လေရေမြေကောင်းကင်(၁)။တောခွင်နှင့်တောင်ကမ်း။ကြောက်မက်ဘွယ်ဘနန်း။ဆန်းဆိုမျှါပါမောက္ခ (၂)။နိဂုံးချုပ်ဥာဏ်ဟာသက (၃)။ မင်းကဍ္ဍာအဘော။ထီးစိုက်မြေကို။ထုံးလိုချေ။ရေလိုနှောက်ရာမှာ။ မိုးတော်ထဲးကို။ယမ်းခဲကြီးအကျ။တို့အရှင်စက်တေဇ (၄)။ မျက်ဒေါသငြူစူ၍ (၅)။ပတ်ဘုံပြုပစ်စမ်း။

ရောက်၍တင်စေ။ ။ဘုန်းတော်ဖွင့်လှစ်။ နေတက်သစ်သို့။ ဒေဝရာဇ်ထံ။ ဇေယတုနှင့်။ အောင်ဆုခံ။ စက်ပျံရွှေလေးရှင်ဘုရား။ ။အရှင်ကောင်းကျွန်။ပန်းကောင်းပန်သို့။ ရဲးမာန်တောင့်တင်း၊မိန့်တော်ရင်းနှင့်။နန်းတွင်းသို့ဝင်။ရွှေလှာကိုတင်ပါသော်၊မင်းကဍ္ဍာဘာ။ရာဇညလည်း။စိတ်ကရှိတိုင်း။မဆုတ်ဆိုင်းဘဲး။အရိုင်းတောသား၊အစိမ်းစားနှင့်။ဗလျှားရစ်နှံ့။ဘက်မတန်ဟု။ရာဇမာန်ပို။ နှုတ်မြွက်ဆို။ အငြိုထပ်မံပွါးပါသည်။ တောင်ဘက်ကြီလို။အဆစ်တိုမချိုစပ်ငံခါးပါသည်။ တနေ့တရက်။ တနံက်မှ။ လက်မခံ။ အမြန် နှင်ထုတ်လိုက်ပါသည်ဘုရား။

ဒေဝကုမ္ဘန်ဆို။ ။သယ်၊သင်းတို့တိုင်းငယ်။ကျင်ကလယ်က(၆)။လွှဲးဖယ်ရှောင်ကွင်း။ ကုမ္ဘန်ဒေဝ၊ရွှေဘုံရတဲ့။ငါ့သတင်းကို (၇)။အလျှင်းမကျော်စေသလား။ ကောလာဟလ။ ငါ့ခါတ်ကြောကို။ စောကြောကြလျှင်။နန်းမတောင်ညာ။ထားလက်ယာတို့။မိကဍ္ဍာဆို၊ရွှေဗိမ်ဗိုဝ်သည့်။ ကြာရိပ်ခိုကို။ လိုလိုဆက်သင့်သည့်တကား။ ဆက်သင့်ကောင်းလျက်။ မဆက်ထူးလည်း။ ခုံတင်းသည့်။ ချင်းတို့ပြည်ကို။ မြူနည်မချန်။ အောင်မြေစွဲး၍။ အောင်ပွဲးခံ။ မြေလှန်ပစ်တော်မူမည်။ မှန်မှန်ခုနစ်ရက်။ တိထိရက် (၈)။ ပြက္ခဒိန်ကိုသာရွေးကြတော့ (၉)။ အောင်မြေရပ်မှာ၊အောင်တပ်စွဲးတော်မူမည်ဘိလူးအမတ်များ၊

တခန်းရပ်။

---

(၁,ရေမြေကောင်းကင်—မ(၂)ဆန်းဆိုသမျှပါမောက္ခ—မ(၃)နိဂုံးချုပ်ဥာဏ်ဟာသနှင့်—မ(၄)တို့အရှင်စက်တော်စ—မ (၅) မျက်ဒေါသငြူစူအောင်—မ (၆) ဇင်ကလယ်က—ရ(၇) ငါ့သတင်း—မ(၈)တိထိရက်ကို—မ (၉) ပြက္ခဒိန်နှင့် အချိန်ကိုသာရွေးကြတော့—မ။ရ

ဇေယာဘုမ္မိပြည်က။ သံရောဇမင်းသားလာရောက် (၁)။ ရွှေတော်သို့ဝင်၍ (၂)။ မင်းကြီးမေးစေ။

မင်းကြီးဆို။ ။သမ္မာဖြိုးဖွန့် (၃)။ တန်းခိုးကွန့်သည်။ နန်းညွန့်နန်းနွယ်။ သားတော်ငယ်။ ။မိုးလယ် နေ-လ။ တောက်ထွန်းပသို့။ မောင့်ဘရေဇာ။ မယ်တောင်ညာတို့။ ခြော်ဖြာကိုးဆယ်။အဓန္တရာယ်။ ကိုယ်ဝယ်သန့်စင်ပျောက်ပါစ။ ခပ်သိမ်းရန်မာန်။ ကင်းဝေးလံ။မြင်းပျံဆင်ဖြူရောက်ပါစ။ မိုးလေဖြောင့်မှန်။ ရွာသွန်းထန်။ချောင်းကန်ဆည်တော်မောက်ပါစ။ တိုင်းသားပြည်သူ။ မင်္ဂလမ်းချူ။ နိဗ္ဗူတာလမ်းပေါက်ပါစ။ သားရတနာ။မောင်နန်းလျာမှာ၊အဓ္ဒာရသတ်။ ဆယ့်ရှစ်ရပ်ကို။ သင်မှတ်လေ့ကျက်။ ကမ်းသို့တက် (၄)။ တဘက်ကမ်းသို့ရောက်စွမ်းနိုင်ပါ၏လားသားတော်မောင်ငယ်။

မင်းသားဆို။ ။တင်ပါသည်ဘုရား။ တိုင်းဇေယာနတ်။ ကိုယ်တော်မြတ်က။ရည်မှတ်ပဏ္ဍုနာ၊ပို့သပေသည့်၊ရေမေတ္တာကြောင့်။ နှစ်ဖြာဘုန်းမော်၊ ဘရေဇာနှင့်၊ တောင်ညာပျော်၊ ရွှေမျက်နှာတော်လန်းပါသည်။ ခပ်သိမ်းရန်မာန်၊ ကင်းဝေးလံ၊ မြင်းပျံဆင်ဖြူရောက်ပါသည်။ မိုးလေဖြောင့်မှန်။ ရွာသွန်းထန်၊ ချောင်းကန်ဆည်တော် မောက်ပါသည်။တိုင်းသားပြည်သူ၊မင်္ဂလမ်းချူ၊ နိဗ္ဗူတာလမ်းပေါက်ပါသည်။ မင်းသားခမ္မတာ။သားတော်မှာ။အဓ္ဒာရသတ်။ဆယ့်ရှစ်ရပ်ကို။ သင်မှတ်လေ့ကျက်။ကမ်းသို့တက်(၄)။တဘက်ရောက်စွမ်းနိုင်ပါကြောင်းကို (၅)။ ရွှေဘဝါးတော်မြတ်အောက်၊ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

မင်းကြီးဆို။ ။မွေးဘညာရုံး။ တဘက်သုံး။ နှလုံးပိုက်ယူ။သားဘုန်းလူ။ ။ဒုက္ခူပါရီ၊တူစံညွှိသို့၊ဘမိနှစ်ပါး၊သွမ်းသားကို။ရလျားနှောင်ချည်။ရစ်ပတ်မည်ဟု၊ရည်ကာတိချက်၊ ရှေးအထက်က၊ ရှိလျက်ပါကို။

(၁)-လာရောက်၍-မ။ရ(၂)ရွှေ့တော်သို့ဝင်-မ(၃)သမ္မာမျိုးဖွန့်-ရ(၄)ဒိုးသို့ဥာက်-မ
(၅)တဘက်ကမ်းသို့ရောက်စွမ်းနိုင်ပါကြောင်းကို-မ

မဟာရောဇ။နှာမတွင်ခေါ်၊မောင့်နောင်တော်။ ခုသော်မပါ-ပါတကား။ ဘယ်ရပ်ဘယ်နယ်။ဘယ်နိုင်ငံသို့၊ ဘယ်ရန်ရှယ် (၁)။ ဘယ်ဝယ်ရန်စ၊ စစ်ပွဲထ၍။ မွေးဘကိုယ်စား။ မ,ရှုညားဘဲ။ ရှေ့သွားဦးတည်၊ လက်ရုံးရည်နှင့်၊ အောင်စည်ဆော်နှက်၊ အောင်မြေချက်မှာ၊ ချိတက်သုတ်သင်။ဖြိုဖျက်နှင်၊ဘယ်တွင်စစ်ချိတက်သလော (၂)။

မင်းသားဆို။ ။တင်ပါသည်ဘုရား။ မဟာဩရသ်၊ နောင်တော်မြတ်သည်။ဘယ်ရပ်ဘယ်နယ်၊ဘယ်နိုင်ငံမှ-ရန်မရှယ်။ ဘယ်ဝယ်စစ်ချိမသွားပါ။သက်တော်နှုနယ်၊ခါနှစ်လယ်က။ လိမ်လယ်လှည့်ဖြား။ ဘီလူးမ လူ။ သဏ္ဍာန်တူအောင်။ဆောင်ယူ၍သွားသည်ဟု။ ဘဘွားဘုန်းမော်၊မွေးမယ်တော်တို့။အမိန့်တော်ထွက်၊ပန်ဆင်ရွက်ရပါသည်။ ခမည်းတော်ဘုရား။

မင်းကြီးဆို။ ။မွေးဘမျက်မှန်။ ပုလဲပုံ။ ။ဘုရား။ ။ဒေဝကုမ္မာန်။ ဘီလူးထံက။အသာအကြည်။သွေးတောင်းမည်။ လာရောက်သည်။မပေးသည့်ကြောင့်။ ရန်စည်ပွါးသစ်။ရှေးအထက်က။ ဘီလူးညစ်သည်။နောင်စစ်ကျင့်မည်၊ပြောဆိုကြိမ်းဝါး၊မျက်မာန်ပွါး၍။ပြန်သွားသည်။ မရှည်မတင်၊ ၎င်းပြင်လည်း။တိုင်းဝက်ရာဇ၊ကာသိရာဇက။ အချစ်မိတ်နှံ့၊ ဘွဲ့ချင်ဟန်နှင့်၊ ငါ့ထံလာခုသာရောက်သည်။ လူရန်နှစ်ဦး၊နေရပ်ဌာန်သို့၊မကြည်နူးဘဲ၊ ဘီလူးကဲ့သို့ပြန်သွားသည်။နှစ်ဖြာဒေါသ၊ ရန်ငြိုးစကြောင့်။ ညီမနှစ်ဘော်၊အမတော်ကို။ပျော်ပျော်ထည့်မည်။မောင့်တိုင်းပြည်သို့။မရှိးအမှတ်၊ကြည်လေးမြတ်၍။ နေရပ်တိုင်အောင်၊ရပ်ပြည်ထောင်။ဆောင်ယူပါလေတော့မောင်မောင်ငယ်။

မင်းသားဆို။ ။တင်ပါသည်ဘုရား၊မြတ်မရှိးမယ်၊ ခြောက်ဖြစ်ချောတဲ့၊စောနတ်မယ်ကို (၃)၊လက်ဝယ်ထိပ်နေ၊ ရှိပန်ထွေ၍ (၄)။ ရှိသေခံ့ညား၊ ဘုရားတဆူ၊ တလုံးဂူသို့၊ ဆောင်ယူ၍သွားပါမည်။ ဘဖျားဘုန်းမော်။ခမည်းတော်၊စိုးရိမ်တော်မမူပါနှင့်ဘုရား။

(၁) ဘက်ရန်ရှယ်—မ(၂)—သလဲ—မ(၃) စောနတ်နှယ်ကို—မ(၄) ရှိပန်ခွေ၍—မ၊ရှိုပန်းခွေ၍—ရ

သံရောဇမင်းသား။ တပ်တော်နှင့်ဆောင်ယူ၍။ လန်းစခမ်းတွင် တပ်ချစေ။ ။စစ်ကဲးကိုဆင့်။

မင်းသားဆို။ ။ကွဲစစ်ကဲးတော်ကြီး။အောင်ခန်းစီရင်။စစ်မြေပြင်တွင်။စစ်ဆင်စစ်ချ။အပက မြင်း။ အတွင်းကလှံ။ကာလွှားရံစေ။ သူရဲကျော်နှင့်(၁)။တပ်တော်နောက်ကွင်မြဲးကြစေ(၂)။ ဗိုလ်ခြေနှစ်ဘက်။ ဂဠုန်တောင်နှင့်။ တိမ်တောင်တက်သို့။စစ်မျက်နှာပြင်။ ရွှန်းရွှန်းတင်။ မြေပြင်ကျယ်သော်တပ်လျှားဘည်။ မြေပြင်ကျဉ်းသော်တပ်လယ်ချ။ မထူမပါး။ရတ်သံကြွားစေ။ကင်းခြားကိုဆူး။ကင်းဦးကိုမီး။ရန်နီးသော်ကင်းတိုစေ။ရန်ဝေးသော်ကင်းရှည်စေ။ရန်ပြိုသော်မြဲးမြဲးတက်။ သေနင်္ကျမ်းအထွက်နှင့်။တချက်တည်းစီရင်ရမည်။စစ်ကဲးတော်ကြီး။

တခန်းရပ်။

——။၀။——

ဒေဝကုမ္ဘန်ဆို။ ။ရောသည်တခါ။ လျှောင်တော်လည်း။ မိုးမြေကြည်းမှျ။အုပ်စည်းရှိမှဲ့။ တပ်ပေါင်းချဲ့။ တဆဲ့ရှစ်ခေါ်။ သင်းဗိုလ်တော်နှင့်။ညာမော်ဘိုရာ။ငါမှန်းတဲ့သူ။လှာနတ်တူကို။ဆောင်ယူ၍လာချေပြီ။ ရောက်လာသည်နှင့်။မှာ၍ထားသည့်နှယ်။ အလားသင့်။နတ်မင့်ဘုံခံ။ ချယ်လှိုင်းသမှျ။ ရွှယ်တိုင်းကျ။ စောဒေဝကုမ္ဘန်တဲ့။ မည်ံဒုတ်ကျက်(၃)။ ဆယ်ရှစ်ခေါ်ရဲးမက်ကို။ တောတောင်ထက်ချိကွပ်။ဘရပြင်းအကြွပ်။ခြံရံသည့်အထပ်မှာ။ ပေါ်ရိသာဒ်အတင်း။သုတသောမ။ လောင်းဗုဒ္ဓကို။လက်ရကျင်းသည့်နှယ်။မင်းမိကဠွာ။လဲ့ပြာပြာကို။ အပါလက်တွင်း။ အောင်မြေသို့နင်းတော့မည်။ အင်ကြွင်းပင်စဉ်။ လုမ္ဗနီဥယျာဉ်တွင်။သဗ္ဗညုတွင်ရုတင်။ မြတ်မယ်တော်ဝမ်းတိုက်တွင်။ စွဲးသန္ဓေအဝင်ကို။ အင်ကြွင်းပင်ကိုင်းခက်။ကိုင်ဆွဲးတော်မူသုံက်။ရွှေကိုယ်တော်ကြာဝတ်တွင်းက။ဆင်းလျောကာသက်သည့်နှယ် (၄)။ တခဲးနက် အ

(၁)သူရဲတော်နှင့်–မ။(၂) တပ်တော်နောက်တွင်မြဲကြစေ–မ။ (၃) မည်ညံ့အုပ်ကျက်–မ"
(၄) ဆင်း လျှော၍သက်သည့်နှယ်–မ

E

သံလို၊ ဗိုင်းဆိုသည့်တဏှာသိုလ်က၊ ပတ်ပိဂြိုဟ်ကျင်း။ ။လုပြီးလျှင် ပြန်သွားစေ။

သံရောဇမင်းသားသည်၊ လိုက်မည်ပြုရာ၊ သမာဒေဝနတ်ထွက်၍ တားစေ။

နတ်ဆို၊ ။သကျဝံသာ၊ နွယ်တော်လာ၊ ရိုက်ရာတော်ခံ၊ နောင်နန်း ရန်၊ ရဲမာန်စိတ်ဝင်၊ ရွှေဂူပျော်မွေ့။ ဟောက်ဓလေ့၊ ခြသေ့်သွင်သို့။ တ ပင်တိုင်နတ်၊ မရိုးဖြတ်ကြောင့်၊ နောက်ထပ်ဘဝါ၊ မလိုက်သွားနှင့်၊ မင်း သားဘိလူး၊ ရန်ညွှန့်ရှူးလည်း။ လွန်ကျူးတပ်ခေါင်၊ မြားပြတန်ချက်၊ လျှပ်တပြက်ကို၊ တွက်ရေထောင်၊ စွမ်းဆောင်နိုင်သောသူတကား၊ အင်အားမတန်၊ ဗိုလ်ခြေကိုရုပ်၊ တပ်ကိုအုပ်၍ (၁)၊ သုတ်သုတ်ပြန်၊ မာန်ကိုလျှော့စေချင်သည်၊ သင်မင်းသား။

မင်းသားဆို။ ။တောတောင်မကွေ့၊ စောင့်ရှောက်နေသည့်၊ အ ဓေဝ္ဝဥပပတ်၊ ရုက္ခနတ်။ ။မြားပြာသာဒ်ဆင့်၊ လျှပ်တပွင့်ကို၊ ထောင် ချင့်ချက်ရည်၊ စွမ်းနိုင်သည်ဟု၊ ဇာနည်ဘုန်းရှိ၊ ငါမင်းပျိုကို၊ မလိုစ ကား၊ လမ်းခရီးက၊ မဆီးတားနှင့်၊ ကျားကိုခလုပ်၊ သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ၊ ပုံပမာသို့၊ ဆံလွှာမယုတ်၊ ထွာညှိုလောက်မျှ၊ နောက် မဆုတ်ဘူး။ ငုတ်တုပ်သေတန်၊ မရိုးတော်ရင်း၊ ခြောက်ပြစ်ကင်း ကြောင့်၊ လည်စင်း၍ ခံပါမည်၊ တားရန်မရှိဘူးသင်နတ်မင်း။

နတ်ဆို။ ။ပြောမည်ရုံရှေ့၊ အသင်မင်းသား၊ ကျုပ်စကားကို၊ နား ချမ်းမြေ့၊ တပ်ရှေ့စက်ပန်း၊ တက်ချိသွမ်းသော်၊ ညို့ကမ်းထစ်ငင်၊ လေး စိန်ကိုင်းကို၊ ဗိုင်းအောင်တင်သော်၊ မုန်ဆင်ပြောင်ငါး။ လူ့စွမ်းအား ကြောင့်၊ ရထားဘီးစက်၊ ပုံတောင်းချက်၊ ထက်ဝက်မြေသို့ နင်းလိမ့် မည်၊ တတန်စိုက်စိုက်၊ ကျွန်ုပ်ပိတ်ပင်၊ နားမဝင်၍၊ အသင်လိုက်လျှင်၊ တုန်ရိုက်ပြင်းထန်၊ မိုးလုံးညုံ၊ တော်သံပဲ့တင်ကြွားလိမ့်မည်၊ ပဲ့တင်သံ နား၊ တဖန်ကြားက၊ မြားဦးရွယ်ပြီး၊ လွှတ်ချိန်နီး၊ ခေါက်တီးသဉ္ဇာန်။

---

(၁) တပ်ကိုဆုတ်၍—မ။

လေးညှို့သံလို။ အမှန်မုချယူရမည်။ အမှန်မုချ။ မယူက။ ထိုမှတလီ။ ရွှေကိုလှမ်း၍။စက်ပန်းချီ။သေပြီသာမှတ်ကော့၊သင်မင်းသား။

မင်းသားဆို။ ။တောတောင်မပြတ်။ မြိုးစောင့်ကြပ်သည့်။ ဆွေနတ်သမ္ဗာ။ဒေဝတာ။ ။စကြာလှည်းဘီး။ နစ်သောမြုပ်သော။ တုန်လှုပ်သော။ပြောမကြီးနှင့်။ခရီးသွားရာ၊တားဆီးလာကတဲ့ (၁)။ ပမာမလောက်။လျှိုင်းကြီးကမ်းစ။တောင်မြင့်လှ။ဘဝါ့အောက်။စားသောက်ညစ်ငြူး။ ထိုဘီလူးကို။ ပွဲဦးရွှေတည်။ တိုက်နွှဲနည်၍။ အောင်စည်ဆော်နှိုး။ မရိုးကဥ္စာ။လဲ့ပြာပြာကို။အပါကြိုးပါမယ်။ အမျိုးကိုမစွန့်ဘူး (၂)။သင်နတ်မင်း၊ ရှားနေဗျ။ ။နတ်ပြန်စေ။ ။မင်းသားလိုက်စေ။

ဘီလူးမင်းသားလေးတင်စေ။ ။ဖြူဟာသေနင်။ ဆဲ့ရှစ်အင်ကို။ ကြောက်ငြင်တုန်လန့်။ကြွက်ကြောင်ဘားနီး။မြွေးနှင့်ကျီး။မီးငါးရမ့်သို့။ မသန့်လိပ်ပြာ။စင်လွင့်ကွာအောင်။မဟာဗလံ၊ပြောင်မွန်ငါး။စွမ်းအားသန်နှင့်။ စက်ပျံကွင်းဝိုက်။ ညှို့သက်တံရောင်။ ရိုင်းမာခေါင်ကို။စွန်တောင်တိုက်တော့မည်။ မိး၌ပျော့ပျောင်း။ ချက်ဘယောင်းသို့။ ပုံတောင်းကန့်ကွက်။ လှည်းဘီးစက်။ ထက်ဝယ်မြေသို့ နင်းရော့လဟယ်။ ။ဆို၍သွားစေ။

ဘီးထက်ဝက်နစ်ရာကိုတွေ့၍စစ်ကဲကြီးတင်။ ။တင်ပါသည်ဘုရား။ငါးရာအညီ။လိဿဝိတ္တိ။တသိချိန်ချင့်၊ပြည်စကားဖြန်။တယောက်ကျန်။မြွေးဒလော်သင့်အောင်။ရန်လွှင့်လေးမျိုး။မြေနစ်လှည်းဘီး။ တောင်တိုက်ပြီး (၃)။ ရိုက်ဆီးခံသည်ဟု။ မဟာဗန္ဓုလ။ ကျွမ်းဂန်စကား။ သုဿန်များမှာ။ကြားတွေ့ရပါသည်။ ခမှာတပုံ။သည်လိုပုံကို။ မကြုံစဘူး။အခွင့်ဆုံ၍။ကြုံလှာထူး။တပ်ဦးလှည့်စေချင်ပါသည်ဘုရား။

မင်းသားဆို။ ။ကွဲ့စစ်ကဲတော်ကြီး။ဘီးထက်ဝက်ကျ။နစ်ရုံမျှနှင့်။ ပေယာလကန်။ တပ်ကိုရုပ်၍။ နောက်ဆုတ်ပြန်သော်။ ရန်ကို

---

(၁) ဆီးတားလာကတဲ့—မ။ (၂) အမျိုးကိုမစွန့်ပါဘူး—မ။ (၃) တောင်ရိုက်ပြီး—မ။

ကြောက်လန့်၊မင်းသာညှံ့ဟု၊ မခန့်မလေး၊ လူကြီးငယ်တို့၊ရယ်သွမ်းသွေး၊ အရေးတော်ပုံပျက်လိမ့်မည်၊ တွေကြွက်အန်ဖဲ၊ ကစားပွဲ၊ ရှုံးမြဲတလည်၊နိုင်သည်တဝ၊မနှုပ်နှဲ့နှင့်၊ အလဲ့ကျ၊မဟာရောဇာ၊ကိုယ်ဘုရားညီ၊ဘီလူးနှယ်ဆိုး၊ဆံချည်ကျိုးမှ၊ ဖိုးမထိ၊ချိသာချိကွဲ့ စစ်ကဲးတော်ကြီး၊

စစ်ကဲးကြီးတင်၊ ၊သင်းမျှာကလောက်၊ ရန်သပေါက်ကို၊ သန့်ကြောက်၍ သာ၊မဟုတ်ပါဘူး၊ဓမ္မတာလမ်း၊စစ်ထိုးတမ်းမှာ၊ ချောက်ချမ်းခြိမ်းမဲ၊တပြိုင်ရဲက၊အခုတ်ခဲနှုင်ဖြို၊ကျိုနှယ်ပြိုပါ၏၊ ထိုသို့အနေ၊မဟုတ်လေဘဲ၊ တပ်မြေမြဲစွဲ၊ တထောင်ပါတွင်၊ တရာရဲလဲ၊ မရဲကွက်ပြောက်၊တဦးကြောက်က၊ နောက်တပ်တပ်ဆုံး၊ တပ်ခြေသွာ်ညီး၍၊မစည်းရုံး၊ အားလုံးလူကြောက်ဖြစ်ရာသည်၊ ယင်းသို့အလား၊ ဆိုမည်များကြောင့်(၁)၊ လူဖျားလူနာ၊လူဝါလူဝင့်၊အဖျင်းအညံ့(၂)၊ လူကောက်သင်း၊စာရင်းကန့်၊ တသန့်ရွေးနှုတ်ရပါမည် (၃)၊ သန့်သန့်သီးသီး၊ရွေးနှုတ်ပြီးမှ၊ရွေထိးလှစ်ဖွင့်၊ အောင်လံလွှင့်၍၊ ရဲးရင့်သသူ၊တပြိုင်ညီနှုင့်၊ ချီတော်မူ၊ လွယ်ကူအောင်မြင်ပါမည် အကြောင်းကို၊ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား၊

ဒေဝကုမ္ဘာန်လေးညို့ ကိုခေါက်တီးစေ၊ ၊ရောသည်တခါ၊ဗိုလ်ပါစစ်သည်၊ ရပ်မဘာည်အောင်၊ တရထည်စိန်၊ ညာရုံးရှိန်နှုင့်၊ ဏ္ဍနိုလာ၊ ညို့ သဏ္ဍာကို၊မဟာပကျွရ၊ စကြာဝေးနီး၊ထကြွက်သီးအောင်၊ ခတ်တီးလိုက်မည်၊တောတောင်ကမ်းခြေ၊ရေမြေကောင်းကင်၊ထက်ဝန်းကျင်က၊ပွဲတင်သံခတ်ကရော့လဟာယ်၊

စစ်ကဲးတင်၊ ၊ထိပ်ခေါင်တင်ဘုရား၊ယခုတတန်၊တုန်ရိုက်ချုန်းမှု၊ မိုးလုံးညံ့အောင်၊ တော်သံပွဲတင်ကြွားချေပြီ၊ ညို့.နိလာဘောင်၊ သက်တံရောင်၊ ယခေါင်–ပဋ္ဌမ၊ချီတက်စက၊ ချိုမြသံယွင်း၊နှုလုံးသွင်းဟု(၃)၊နတ်မင်းပြဋ္ဌာန်း၊မှာသည့်ငြမ်း၊ရှုးစမ်းသင့်ဟန်ရှိပါသည်(၅)၊

---

(၁)ဆိုသည်များကြောင့်–မ (၂)လူလွင့်လူလေ၊လူပေလူပြင်း၊အဖျင်းအညံ့–မ–၌ အမို၂ပိုဒ်ပါရှိသည်(၃)တဆန့်ရွေးနှုတ်ရပါမည်–ရ(၄)နှလုံးသွင်းနှင့်–မ(၅)ရှုးစမ်းဘက်ရန်ရှိပါသည်–မ၊

ချီတက်လိုက်သင့်၊ မလိုက်သင့်ကို၊ ချိန်ချင့် ထောက်တွေးတော်မူပါဘုရား။

မင်းသားဆို။ ။ကဲ့ စစ်ကဲးတော်ကြီး။ လျှောက်တင်ခလျက်။ ဆယ်ရုံလက်နှင့်။ ဘဝင်ပြူးဖွန်။ ဂုဏ်တံခွန်ကို။ ရိုးစွန်ဝေဆာ။ မြင့်စွင့်ကဲးအောင်။ လွှင့်မြဲးသာ။ ပမာတန္တိ။ နန္ဒိသိန်သို့။ ချိန်တညှိ(၁)။ ငုပ်မိသဲးတိုင်။ တက်နိုင်ဖျားရောက်။ သူအောက်ယုတ်၍။ မဆုတ်သာ။ မဟာရောဇာ။ ရွှေဘွဲ့ချည်၍။ အမည်ရ (၂)။ ကိုဘုရားညီ။ ဘိလူးနှယ်ဆိုး။ ဆံချည်ကျိုးမှု။ စိုးမထိ။ ချီသာချီလေကဲ့ စစ်ကဲးတော်ကြီး။ ။လိုက်လာ၍။ ဘိလူးမင်းသား လေးတင်၍ပစ်စေ။

ဒေဝကုမ္ဘန်ဆို။ ။ရောသည်တခါ၊ မြဲးစွဲးနှောင်ချည်၊ ရန်စစ်သည်နှင့်။ နေပြည်ရပ်ရွာ၊ တပ်ကိုယုတ်၍၊ ဆုတ်မခွါဘဲး။ လိုက်လာပုန်ကန်။ ငါ၏ရန်ကို။ ပတ်ခြံဝိုက်သွယ်(၃)၊ ချီတက်စည်းကြပ်။ အုပ်ကဲးကွပ်သည့်။ တပ်အလယ်မှာ။ ရွေးချယ်နှိမ်ဆွတ်။ ဝဇိရသလ္လာ။ မြဲးစကြာနှင့်။ ချိန်ကာလွှတ်လိုက်မည်။ တောင်ထွတ်မြင်းမိုရ်၊ ကဲ့ပြိုလုနီး။ တောင်လျောင်နှင့်။ ပဲ့တင်တီး။ မြေကြီးတုန်ရေ့လဟာယ်။ ။မင်းသားလည်း–မြဲးဒဏ်သင့်လျှင်၊ မိန်းမော၍ နေစေ (၄)။ ။မင်းဘွီးလည်း နောက်ပါလက်စွဲနှင့်။ တတောထွက်ဝင်သွားစေ၊

တခန်းရပ်။

——:ဝ:——

အထက်ကတားသည့်နတ်ထွက်၍ ဆို၊ ။ရောဇာဒေဝ၊ သံရောဇာလည်း။ ချမ်းမြနှစ်ခြိုက်။ ငါ့စကားကို။ ချူနားစိုက်။ မလိုက်နေပါ လိမ့်မလား။ လိုက်သွားမေ့ကျန်။ ငါ့စကားကိုပယ်ရှားလှန်၊ မြဲးဒဏ်သင့်ရာသည်တကား၊ ဆယ် ့ရှစ်ခေါဘာဏီ။ ဗိုလ်ရဲးမက်နှင့်။ စစ်တက်ချီ၊ အမှိလိုက်မည် မလိုက်မည်၊ ဝရဇိန်စက်ပျံ၊ ချိန်ချက်မှန်၍၊ မြဲးဒဏ်သင့်

(၁) ချိန်တရှိ–မ (၂) အမည်သ–မ (၃) ပတ်ခြံဝိုင်းသွယ်–မ (၄) မင်းသားမြဲးဒဏ်သင့်၍ မိန်းမောနေစေ–မ

မည် မသင့်မည်၊ ထူးလည်ခြားနား။အကြောင်းများကို၊ သွား၍ကြည့်ရဦးတော့မည် ကဗျား၊ ။ရောက်စေ၊ ။မင်းသားကို ဆေးသုတ်လိမ်းစေ။ မင်းသားသည်း မာကျန်းသည်ကာလ။ သံဝေဂဖြစ်၍၊ ရသေ့လုပ်၍နေစေ။

## တခန်းရပ်။

——:ဝး——

နဂါးဆို(၁)၊ ။ရောသည်တခါ။ဘောဂဝတီ။ပိန်အုတ်စီသည်။ သိင်္ဂီထူးဆန်း၊ ရွှေမှိုနန်းကို၊ သိမ်းမြန်းအုပ်ကွပ်။ ငါချုပ်တည်း၍၊ ရုံးစည်းကြပ်။ဒဗ္ဗရဗ္ဗော၊ ဘုဇင်္ဂေါတဲ့။မြင့်သောတန်းခိုး။ မျက်စောင်းမိ့ထိုးရလျှင်၊ရိုးသားအဆစ်။ ဖွဲ့ပြာသာဖြစ်ရသည်၊ မြစ်ယမုန်ကမ်း။ သောင်ငွေနန်းသို့၊ ရွှင်းလန်းမျှော်ပါး။အစာရှာသွားတော့မည်။ကြွားသမျှ ဗိုလ်ပုံ။သဲဘွင်လှိုက်တုန်တည့်အောင် (၂)။သံပြိုင်ရုံနှိုးဆော်၊ ပိုင်းဆိုတိုင်း (၃) ခေါင်မပောာ်က။နတ်စည်တော်ကြွေးလိုက်စမ်း။

ဂဠုန်လာစေ၊ ။ရောသည်တခါ၊ သောင်း ရှစ်ပြန်မြင့်။ လေးထောင်ဆင့်သည် (၄)။ တောင်မြင့်မဟိန်၊ရွှေဂိရိန်၏၊ အာလိန်ဒုတိယ၊ စိုးပိုင်သသည်။ ဌက်များသနင်း၊တောင်ခြေပြင်းဟုန်။နဂါးတုန်သည့်၊ ဂဠုန်မင်းတဲ့။ မာတင်းမှင်ဆံ၊ နောက်လှန်အမောက်၊ ပေါက်ရောက်တောင်စည်၊ သွယ်ရှည်အမြီး၊ နှုတ်သီးနှုတ်ဖျား၊ သားလှိုးဝါးသို့။ ကောက်ငြားစွာဘိ။ကြောက်ပါးလိ၊ရှိ၏ရုပ်ဝါ၊ သို့အရာတွင်၊ ယမုနာဝဲ။ငွေသောင်သဲမှာ။အမဲသားငါး။ အစာရှာသွားတော့မည်။ ထက်ဖျားမြင်းမိရ်။သခွတ်ပွင့်အခါ၊အသူရာဘဝ်ကို။ နတ်စစ်သည်ဖြိုသည့်နှယ်။ပဟိုရ်သံဆော်တော်မူလိုက်စမ်း။

နဂါးက ဂဠုန်ကိုမြင်၍ဆိုစေ၊ ။ယမုနာဝ၊ သောင်ကမ်းစမှာ။ နဂါးဘာသာ။ ပျော်မြူးမည်လာပါသည်။ ဟင်းလျှာစင်စစ်။ ငါ၏ခန္ဓာ။

(၁) နဂါးထွက်ဆို၍—မ (၂) ဆဲဘဝင်လှိုက်တုန်အောင်—မ (၃) ပိုင်းဆိုတဲ့—မ (၄) လေးထောင်ဆင့်—ရ

မလွတ်သာ။ သည်ခါဖြစ်ချေပြီ၊ ခေါက်ရစ်ပြန်တုံ့။ ဂင္ဂုန်နှံ့အန္တရာယ်။ သဘောဝဋ်မှ။ ကင်းလွတ်ပြယ်အောင်၊ ပုန်းကွယ်တိမ်းရှောင်၊ ရှေ့က မြင်သည့်၊ နန်းပဒေသာင်မှာ။ လုံအောင်သာပုန်း၍(၁)၊ နေရဦးတော့မည် ကဗျား။

ဂင္ဂုန်မြင်၍ကြိမ်းစေ(၂)၊ ။သယ်၊ စားရန်ရှယ်ကိုး။ ငါ့အဂ္ဂဂင္ဂုန်၊ အာကာဘုံက။ တဟုန်တည်းထိုးတော့မည်၊ ရေပိုးရေမွှား၊ ရေနဂါး လည်း။ ကြောက်အားတကြီး၊ ကိုယ်အမြီးနှင့်။ ခိုမှီးပဒေသာင်၊ ပင်ဗေဒမိ မှာ။ မသိအောင်၊ မြီးနှောင်ရစ်ပတ်နေချေပြီ။ ရေမြေမြက်လျော(၃)၊ ပုန်း ကွယ်ဝင်တဲ့၊ ဘုဇင်္ဂေါကို။ အခဲသာတလျင်၊ နန်းပဒေသာင်က။ ရအောင် ငင်တော့မည်၊ ကောင်းကင်ဘဝဂ်၊ အော်ထက်ဖြိုးဝှန်း၊ ပတ်လက်သံ မွန်မွန်နှင့်၊ နတ်ဗုဖွန် ဆော်တော်မူလိုက်စမ်း။ ။ ဂင္ဂုန်သုတ်သည် ကာလ။ ဒေသာင်ပင် (၄) ကျွတ်၍ပါလာစေ။

ဂင္ဂုန်ဆို။ ။နေရာသစ်ပင်။ အထွတ်တင်သည့်၊ ဒေသာင်ပင်နဂါး။ စောရပိ၊ ခိုမှီဝြား။ ငါမှားခြင်းကြီးမှားချေပြီ။ မှားမိသည်ပ၊ သည်နှစ်ဝ ကို၊ ဒေါသရစ်ဝိုက်။ အပြစ်ဆိုက်၊ ငါနိုက်မကင်းဖြစ်ရသည်၊ စိတ်စေ တနာ၊ မထွေးမရှုတ်။ အမေးဟုတ်သည့်၊ သည်ပုဏ္ဏာကို၊ ဆရာတော် ထံ။ လူယောင်ဘန်း၊ အမြန်မေးရဦးတော့မည်ကဗျား။

ရောက်၍မေးစေ။ ။ဓမ္မိကနန်း၊ ကျောင်းသင်္ခမ်းမှာ၊ မဂ်လမ်းရှာ ဖွေ၊ ကျင့်တရားနှင့်၊ လျောက်လျားနေ။ ချောင်တေဝတ်ရုံ။ နန်းပွင့်ငုံဘု ရား။ ။ဂင္ဂုန်နဂါး၊ ရန်နှစ်ပါးတို့။ ရှည်လျားကထ္ထာ။ သင်္ချေကြာလည်း၊ ဆုံးရာမရောက်။ သံကျောက်မီးစာ၊ မှို့ပမာသို့၊ သံသရာမြစ်၊ လေးပါး အာသဝ၊ ဝဲသြဃမှာ (၅)၊ နောင်ကျနစ်၊ ဖြစ်မည် ဒါယကာထင်ပါ သည်၊ မာန်ရည်ခိုက်ပွါး၊ ဘယ်သူအား၊ ခြားနားထူးလည်။ ဖြစ်ထိုက် မည်ကို။ သာကြည်နာပျော်၊ ရွှေနှုတ်တော်၊ မိန့်တော်မူပါဘုရား။

(၁) လုံအောင်ပုန်း၍—မ (၂) ဂင္ဂုန်မြင်၍ ကြိမ်းဝါးစေ—မ (၃) ရေမြေမြက်လျော—ရ (၄) ပဒေသာင်ပင်—မ (၅) ဝဲသြဃမှ—ရ

မင်းသားရသေ့ဆို။ ။ပြောမည်သိအောင်၊ ကျုပ်စကားကို၊ချိုနားထောင်၊ တောင်လေဟုန်ချက်၊ ဂင္ဘုန်ဌက်လည်း၊ ခက်လက်ညွှန့်ရှင်၊ကျောင်းတလင်းမြေ၊ဗုဒ္ဓပေါကို၊ပါစေချင်၍၊ အထင်စိတ်နေ၊ သူထိုးသုတ်သည်မဟုတ်ပေ၊ကင်းကွေတစ်၊ သကုဏာရာဇာလည်း၊ ဖြစ်မရှိ၊ ဗေဒါရဝီနတ်၊ ဒဣရဌ်လည်း၊ရစ်ပတ်ဌက်သို(၁)၊ပင်ဗောဓိကို၊ပါစေလို၍၊ဝင်ခိုကိုးသည်မဟုတ်ပေ(၂)၊ ကင်းကွေတစ်၊ နာဂရာဇာလည်း၊ဖြစ်မရှိ၊ရစ်ငြိရက်ကျူး၊ထိုသူမွန်တို့၊မလွန်ကျူး၊နှစ်ဦးပင်ကင်းလွတ်ကြ၏၊တကာတော်။ ။ဂင္ဘုန်ပြန်။

နဂါးလာ၊ ။အသက်ဘေးဒဏ်၊ဂဠုန်ရန်ကို၊ ကြောက်ရွံ့လန့်ကြား၊ရေနဂါး၊ငါကားခိုလှုံရချေသည်၊ပတ်မိခပင်း(၃)၊သူတော်သူကောင်း၊ပျော်ကိန်းအောင်းတဲ့၊ ကျောက်တလင်းမှာ၊မြစ်ရင်းစံနေ၊ အကြောင်းဟုတ်သည့်၊ဗုဒ္ဓပေါကို၊အမြစ်မြေကလွတ်လေသည်၊ လွတ်လေသည့်ဟန်၊ရသေ့စိတ်စွဲ၊အံကျိတ်ခဲ၍၊ သဲးမခံ၊အမှန်ငါ၌ရောက်ချေသည်၊သည်အရာကို၊ မြန်စွာသွား၍ မေးရဦးတော့မည်။ ။ဆို၍ မေးလျှင်၊နှစ်ဦးပင်(၄)၊အပြစ်လွတ်ကြောင်းကိုပြောစေ။

တခန်းရပ်။

——o——

မင်းဘွဲ့အငယ် မာလာဝတီကလည်း၊ မင်းသားရသေ့ကို လူထွက်အောင်တောင်းပန်ရာ၊ မထွက်သည်ကာလ၊အစ်မတော်ကို ရှာ၍ ပေးပါဟုဆိုလျှင်၊နဂါးကိုတ၍ လာစေ။

မင်းသားရသေ့ဆို။ ။ပြောမည်ကြောင်းစေ့၊ ဆွေတော်နဂါး၊ကျုပ်စကားကို၊ချိုနားစွေ့(၅)။ ။သုံးရွေ့များကော၊ မရိးတော်နတ်(၆)၊ ယဉ်ကမ်းခပ်သည့်၊ ဟွနတ်ဆွေကို၊ မသေသက်ရှည်၊ ဘိလူးပြည်မှာ၊တည်တည်ကျကျ၊ကြားသိရအောင်၊နဂါးအမျိုး၊စက်တန်းခိုးနှင့်၊သည်ပိုးဆောင်၊ပါအောင်ကြိုးခဲ့ရမည်၊နဂါးမင်း။

(၁)ရစ်ပတ်စိတ်ဆိုး—မ(၂)ဝင်ခိုကိုး၊ပုန်းလျှိုးသူလည်းမဟုတ်ပေ—မ(၃)ပတ်မိ—မိခြင်း—မ(၄)၂—ယောက် ၂—ဦးပင်—ရ(၅)ချိုနားမျှ—ခ (၆)မရိးတော်မြတ်—မ

နဂါးဆို။ ။တင်ပါသည် ဘုရား။ ယက္ခစံနေ၊ ဘိလူးမြေမှာ (၁)။မသေမပျောက်၊ ရှိပါမြောက်က။ ခြောက်ပြစ်ချောသည့်၊ စောနတ်ဆွေလျ (၂)။ ဖွဲခေါင်ကျုံးတဲ့။ဘုန်းမမကို။နဂါ့အမျိုး၊ စက်တန်းခိုးနှင့်။ သည်ပိုးဆောင်။ ပါအောင်ကြိုးပါမည်။ စိုးရိမ်တော်မမူပါနှင့် ဘုရား (၃)။

နဂါးသွားစေ။ ။ရောက်လျှင်။ ဘိလူးပြည်ကို ချီးမွမ်းစေ။ ။ကဏ္ဍာတည်ဦး။ပကတူးက။ဘိလူးထောင်တည်။ဒေဝကုဏ္ဍန်။နောက်ထပ်စံသည့်။ နိုင်ငံပြည်သည်။ စည်ပင်ပါပေ့။ လေးမျက်နှာပတ်ခြံ၊ ကျုံးတထပ်အရံ။ခိုနန်းမြောင့်အချိုး (၄)။ သံတံတိုင်းမြို့ရိုးနှင့်၊ မြိုး၍ သာလျှံရေ့။ရေကန်ပါဥယျာဉ်။တောင်ကွေ့ကချပ်ရစ်၍။မြိုင်မြစ်နှင့်မယှဉ်။ အစဉ်သင့်အလိုက်သင့်၊ ထုပိကာပြာသာဒ်နှင့်၊ ဘုံအထပ်မဆင့်။ ဥကင်မြင့်ဆောက်လုပ်လည်း (၅)။ စခုတ်ကတလွဲ။ လူ့ပြည်နှင့်နတ်တကွဲ။ သူရဲးပြေးသူရဲးဝင်။ ပပဒိုရ်စင်နှာရီမောင်း။ ပြဒိုးပါတန်ဆောင်းနှင့်။ ဝက်ခေါင်းလည်းမပြင်။ ဘာသာစရိုက်။ ဘိလူးမင်းစိတ်ကြိုက်ရို့၊ အလိုက်ဖြင့်ယဉ်ပါပေ့။ သို့ရာတွင်အတွေး။ ငါ့အရှင်အရေးကို၊ ဆေးလေးကိစ္စ (၆)။ အစ်မတော်သတင်းကို၊ ခချက်ခြင်းကြားရအောင်။နဂါးဖွယ်ရာ။နတ်စက္ခုသောတာနှင့်။တော်ရာကကြည့်ရဦးတော့မည်ကဗျား။

ဒေဝကုဏ္ဍန်ဆို။ ။သယ်၊ လက်ချပ်သွန်မှော်။ငါ့လက်သို့ရောက မင့်၊ သည်လောကြွာညောင်း။ တည်းကုပ်ပေါင်း။မကောင်းဈေးလုပ်ရာသလား။မိအာဂန္တု။ဈေးသည်လုပ်သည့်။ဈေးနှုပ်ရကို။ပံသုသီလာ (၇)။ မြေမဟာ၏။ နှစ်လွှာစပ်ကြား။ သဘောစိုက်စိုက်။ ငါ့ကိုကြိုက်၍။ သင်းလိုက်စားအောင်။ ပတ္တမြားကြုတ်ပုံ။ ကိုးမျက်ရုံနှင့်။လုံခြုံသိုဝှက်၊ခုနစ်ရက်ကို။စိတ်လက်ညစ်ညူးစေရမည်၊ဘိလူးအမတ်များ။

မြေမှာမြှုပ်ကြောင်းကို။ နဂါးသိ၍ ဆိုစေ။

(၁)ဘီလူးမြေ—မ(၂)စောနတ်လှ—မ့(၃)စိုးရိမ်တော်မူပါနှင်ဘုရား—မ(၄)ခိုနန်းမြောက်အချိုး—ရ(၅) ဦးဂင်မြင့်ဆောင်လုပ်လည်း—မ(၆)ဆေးလေး၍ကိစ္စ—မ၊ ၇(၇)ပံသုသေလာ—မ

နဂါးပတ်တိုက်။ ။ရောသည့်တခါ။ ခွေလှော်ကဥ္စ။ ရှုမငြောင်းသည့်။ယဉ်ပေါင်းခကို။ပုထသိလေ။နှစ်လွှာမြေမှာ။မသေတစိ၊ ကြွတ်ပတ္တမြား။ မျက်ကိုးပါးနှင့်။ ထားကြောင်းကိုသိရပြီ။ ကိုယ်တော်ရှိရာ။နှစ်လွှာစပ်ကြား။မြေနှင့်ကျောက်ကို။ ထိုးဖေါက်သွား၍။ ငါကားခမူ။ဘုန်းမမကို။အရယူတော့မည်။ဘလဘူမြိမ့်သဲ။အတောက်နှင့်ရဲရဲ။မန်တိုင်ကအထ။ တက်မည်လို့အကြွ။ တွင်းဝမှာအစွဲ။ အသံနှင့်နားငြီးအောင်။စက်တော်ကြီးဟဲသည့်နှယ်။နန်းပွဲရမဟာစံ (၁)။ ဆိုင်းဆိုတိုင်းရစ်တံက (၂)။ ဘလောင်ဆံဘလဗွက်။ ခေါင်ဆိုသည့် အချက်က။ပတ်မိုးစက်ရှို။

ရောသည့်တခါ။ အစ်မတော်ကြွတ်အတွင်း။ ငါ့နတ်သို့သွင်းမိပြီ။စေတော်ရင်းအသျှင့်ထံ။ မြေနှစ်လွှာဖေါက်ခွဲ၍။ တဟုန်တဲပြန်တော့မည်။ လောင်းဗုဒ္ဓပိဋကဇာတ်။ လောင်းစတမ်းအနန်ခတ်။ သိန္ဓဝမြင်းမြတ်နှင့်။ ခြားရဟာတ်တံတိုင်း။ ပတ်ပတ်လည်စိုင်းသောခါ။ တိုင်းပြည်သူကောရပ္ပ။အံ့ဩဘွယ်မြင်ရအောင်။ပုဏ္ဏကစိုင်းသည့်နှယ်။ဝိုင်းဆိုများ့ကွန်ချာ။ဥာဏ်ပဟာသဆရာက၊ ကူညီညာအမြန်။ ဘိလူးပြည်အပြန်။ရန်သူနှင့်ဝေးလံအောင်။အသသတို့ရဲ့မြင်းပျံသို့။ပတ်လက်သံစိုင်း။

ရောက်၍မင်းသားထံဆက်စေ။ ။နဂါးပြန်စေ။

မင်းသို့းနှစ်ပါး။ မင်းသားကိုသံပြိုင်ဆို၍။ ပြည်တော်သို့ခေါ်စေ။

မဂ်လမ်းတဲ့မောင်သွယ်ဝယ်။ ချိန်ငယ်ရွှယ် မတော်သေးပါဘူး။ဖြေးဖြေးငယ်ရွှေဥာဏ်ဆင်။ နန်းရွှေဘုံရွှေတီး။ စံစံပယူပြီးခါမှ။ မောင်ကြီးငယ်မြို့သို့ဝင်။

မင်းသားဆို။ ။မဂ်ထီးတဲ့ခိုလှူံဆင်(၃)။လျှော်တေဖျင်၊ဆင်ယင်သိုင်းပါလို့။ပြည်တိုင်းကိုမပြန်လို(၄)။ ဘာဝနာမြို့တွင်း။ သစ်တပင်ရင်းမှာတဲ့။ဖြည့်တင်းမှီကပ်ခို။

(၁) နန်းဘွဲ့ရမဟာခံ—ရ (၂) ဆိုင်းဆိုတဲ့ရစ်တန်က—မ (၃) မဂ်လမ်းတဲ့ခိုလှူံဆင်—မ (၄) ပြည်တိုင်းကိုတဲ့မပြန်လို—မ

မင်းသမီးဆို။ ။ကသိုဏ်းတဲ့ပြဟ္မစိုရ်၊ နောင်မင်ဖိုလ်ဆယ်မျိုး။ ကြီးမယ်လို့နှလုံးငယ်ကြံတော်မှာ။တောကန္တာမြိုင်ကျေး။ ပြည်တော်ကဝေးတယ်မို့။ရန်ဘေးထူလှပါ။

မင်းသားဆို။ ။ရန်ဘေးတဲ့ဆိုရန်မှာ။ဘာဝနာမေတ္တာပန်းငယ်ကြောင့်။ငြိမ်းချမ်းငယ်သီဒါရေ။ မေတ္တာရေမောင်ဖျန်း။ တချွယ်ရည်မြန်းပါလို့။ရွှေနန်းကိုပြန်ကြလေ။

မင်းသမီးဆို။ ။ကသစ်ကယ်တဲ့သီဟာဇွေ။သဒ္ဒါရေသည်မေဖျန်းသည်နှင့်။ရွှေနန်းကိုပြန်စို့ဘော။ဘာဝနာရှာရေး။နောင်မြိုက်ရည်ကျွေးရန်ဘို့။ငယ်သေးပါလှလေ။

မင်းသားဆို။ ။အကြီးအငယ်။ နာဘွယ်တင်သံ။ နားတော်ဆင်ပံ။မပြန်လိုကြောင်း။ရွှေကျောင်းမင်ဂူ။ဘုန်းငွေ့လူလူ။

မင်းသမီးဆို(၁)။ ။တင်လျှောက်သူကို။ နာယူလှိုင်းလို့ (၂)။တိုင်းမြို့ပြန်ပါ (၃)။

မင်းသားဆို။ ။အာသဝါ။ သံသာဆန်ရန်။ သဲမောင်ကတုန်။ အောင်ချာဇေယျုံ။ ရွှေဘုံရွှေနန်း။ မမြန်းလိုပြီ။ တောရပ်ခိုမှီ။ မေခါဝီစာဂီထုံးကိုလေး။သုံးရစ်တော့မည် (၄)။

မင်းသမီးဆို။ ။သုံးမယ်ဆို။ရွှေကိုငယ်ရှုယ်သေးပါလှတယ်(၅)။ နိဗ္ဗာန်ပြည်နယ်။ရည်ရွယ်ကိုယ်ထီး။ခိုမှီးလှူ ံရန်။တောမြိုင်ရပ်ထံ(၆)။ ကျင့်ချိုးခြံ။အန္တရာယ်ဘေးငယ်နှင့်။ရေးခွင့်မတော်။

မင်းသားဆို။ ။ငါကိုယ်တော်။မပေါ်ရန်သူ။ဘေးရန်မပြူ။ဘယ်ရှာဘယ်လူ။ ဘယ်သူသေမင်း။ ကွေ့ကွင်းမရှောင်။ ဆွဲငင်ချည်နှောင်။ ကြွက်ဆောင်းလှောင်လဲ။ပုံဆောင်မျိုးဘို့။ကြိုးရသည်တာ။

မင်းသမီးဆို။ ။ကိုယ်လွတ်ခွါ။ဉာဏ်ရှာမျှော်ခေါ်။ ငြင်းသွေရှောင်သော်။မတော်မလျော်။ ဘယ်နေ်သေမင်း။ကွေ့ကွင်းကြိုရွယ်။ ငြိုးဝံ့

(၁)ရ–ဦမရှိ(၂)နာယူဆင့်လှိုင်းလို့–မ(၃)ရွှေဘုံရွှေနန်း။စံမြန်းစေဘို့ရာ–ဟု–မ–၌ဆက်၍ပါသည်(၄)ဆုံးတော့ရစ်မည်–ရ၊သုံးတော့ရစ်မည်–မ(၅) ရွှေကိုယ်ငယ်သေးပါလှနော်–မ (၆) တောရပ်ဌာန်–မ

မတွယ်။သက်တော်ရှုယ်လဲ့။နုနယ်တုန်း။ဘုန်းတော်ကံရှင်။

မင်းသားဆို။ ။ဘုန်းရှင်ကံရှင်(၁)။နားဝင်ချိုသာ။ ပြောခွင့်တန်ပါ။ဤကိုယ်ခန္ဓာ။သင်္ခါရချည်း။ ရှောင်လည်းဘယ်မှာ။ ကင်းလွတ်နိုင်ရာ။အာသာဝဲလဲ့။သံသာကူး။မှူးမဲ့ရွှေဖေါင်။

တခန်းရပ်။

——○——

ဒေဝကုမ္ဘာန်ဆို။ ။နှစ်လွှာထပ်ခွဲ။ မြေကြီးထဲမှာ။ ခက်ခဲခက်ဖွယ်။ခက်မ ကယ်တဲ့ (၂)။ မိဩဇ္ဈသယ်ကို။ချယ်လယ်ထူးခြား။မျက်မံကြုတ်နှင့်။ငါမြှုပ်ထား။ကြောက်အားအလွန်ကြီးလိမ့်မယ်။ကြောက်မည့်တလီ။မှန်လှပြီရို့။နှင်းဆီဖေါ်တ။ဘယ်မှားမိရှာ။ခြောက်ပြစ်ကွာသည့်။ ကဥ္စာမကို။ မြေဘေဖေါ်တော်မူလိုသည့်။ ခန့်ရေတွက်သော်။ ၇-ရက်ယနေ့။မစေ့သေးဘူးလား။ဘိလူးအမတ်များ။

ဘိလူးအမတ်တို့က။ ခုနစ်ရက်စေ့ကြောင်းကို နှုတ်ထောက်တင်၍။မြေကိုခွဲ၍ကြည့်သော်။မတွေ့ကြောင်းကိုတင်စေ။

ဒေဝကုမ္ဘာန်ဘိလူးကြိမ်းစေ။ ။ရောသည့်တခါ။ စက်အာဏာကွန့်။ဝေသာဝဏ်ႇတူချစ်။ပုဏ္ဏားကနတ်စစ်။မႇရှုံကြောက်ကိုယ်တီး။ အနိချက်၍ နိုင်ပြီးကို။ အောင်သံကြီးဟစ်သည့်နှယ်။ မချစ်ကြိုက် ငါ့အား။မိမိမ်းပင်သင့်နားမှာ။ကြွားပစေနိုး‌ဝေး။ရိုက်ရိုက်တုန်ကြော်ကြွေး။အသံတော်ပေးလိုက်မည်။ပြေးလေအုံးဟဲ့ပြေးလေအုံး။

ရသေ့ကျောင်းက။ မင်းသို့းနှစ်ပါး။ ဒေဝကုမ္ဘာန်ကြိမ်းသည့်အသံကို။ အမြန်ကြွားသောကြောင့်။ ထွက်ပြေးစေ။ ။လမ်းတွင် ညောင်နတ်နှင့်တွေ့၍ ဖွက်ထားစေ။ ။ဒေဝကုမ္ဘာန်လိုက်လာစေ။

ဘိလူးပတ်တိုက်။ ။ရောသည့်တခါ။သင်းငါ့ကိုမကြိုက်။ထွက်သွားသူမိန်းမရိုက်။ခြေနှစ်ချောင်းအားကိုး။ အပြိုးနှင့်လိုက်တော့မည်။ တသောင်းတိုက်ဦးနှိမ်။တရထည်လက်ရုံးစိန်။ ရွှေဘုန်းတော်အာဟိန်။

---

(၁) ဘုန်းကံရှင်—မှု၊ ရ (၂) ခက်မှာထည့်တဲ့—မှု

တိတျာရပိသို့(၁)။မြတ်ဇာတိသဏ္ဍာန်။အမင်းမင်းခွန်ချိန်(၂)။ဝရဇိန်နတ်ဆက်။ စကြာတော်လက်နက်နှင့်။ တချက်ပေါက် ဆယ်ချက်ဆင့်။ရန်ပုံခွင့်အသံလို။ သောင်းဗိုလ်ထုပြိုသည့်နှယ်။ တက္ကသိုလ်တဆူ။ပိုင်းဆိုမျှော်မှန်ကူက။ကြားသူတိုင်းနားပေါက်။ ပွင့်လုနီးစလောက်။ အလိုက်နှင့်အပြေးကို။ မဝေးမီဆိုက်ရောက်အောင်။ ပတ်အမြောက်ပစ်။ ။ဘိလူးလည်းရသေ့ကျောင်းတွင်။ ပဏ္ဍုမြားကြုတ်ကိုတွေ့၍။ ရသေ့ကိုပြန်ကာမှပြောမည်။ခြေရာကောက်၍လိုက်ဦးမည် (၃)။ဆို၍လိုက်စေ။

ရောသည့်တခါ။ ထွက်ပြေးသူမဝေးခင်။ လမ်းကြောင်းတွင်မလွဲ။ ငါကိုယ်တော်အံခဲ၍။ လိုက်ပွဲကြီးဆင်တော့မည်။ တောသမင်ဇီဝိန်။ အသည်းကိုစွတ်နှိမ်။သုံးကျပ်ဝင်ကျည်ဆန်နှင့်။ရွှေအော်လံချိန်သည့်နှယ်။ကပိန္ဒာဂိုဏ်းအုပ်။ပိုင်းဆိုတိုင်းခေါင်ချုပ်က (၄)။ အားထုတ်၍မြိုင်မြိုင်။မိန်းမခြေ၊လိပ်ခြေတို၊ပြေးသူကိုမှိတ်အောင်။ကူညီညာနောက်ထိုင်နှင့်။ပတ်စိုင်ပေါင်ချ။ ။ညောင်ပင်တွင်ခြေရာစပျောက်၍။ညောင်စောင့်နတ်ကိုစကားဆိုစေ။

အစ်ကိုညောင်နတ်။ တံဆိပ်ခတ်သို့။ မြဲမှတ်သား။ မယားမျက်မှောက်။ငါ့ဝယ်ပျောက်၍။နောက်ထပ်ခြေရာ။ လိုက်ခဲ့လာသော်။ မင်းမာဆီဆိုင်။အစိုးပိုင်သည့်။ ညောင်မြိုင်တွင်းတွင်။ အခင်းပက်ပါ။ ရှေ့နှင့်နောက်မို့။မပျောက်သာ။ ခြေရာကျရောက်သည့်တကား။ ကြင်ရာမြောက်သား။ ငါ့မယားကို။ ဖွက်ထားထိမ်ချန်။လက်မခံနှင့်။ လက်ခံထိမ်ဖွက်။ မင်းကဖျက်။ အရှက်ကျိုးပုတ်။ ဆိုင်ရာတောတွင်း။ မြေတိုင်မင်းမှာ။ အခင်းလုပ်။ ကျွန်ုပ်ဒုတ်တုတ်ဖြစ်မည်ကွဲ။ ညောင်စောင့်နတ်။

ညောင်စောင့်နတ်ဆို။ ။ပြောမည်တိုတို။ကျုပ်စကားကို။ထောင်နားချို။ အစ်ကိုယက္ခာ။ တောတစ္ဆေ။ လူရေချော။ပိုင်သောမယား။

(၁)တိတျာရဝိန်သို့—မ(၂)အမင်းမင်းဦးချိန်—မ(၃)ခြေရာကိုကောက်၍လိုက်ဦးမည်—မ(၄)ပိုင်းဆိုတဲ့ခေါင်ချုပ်က—မ

မေတ္တာရှား၍။ထွက်သွားပြေးလာ။လေသည့်တာ။ဘဇာငါနှင့်ဆိုင်သလဲ။မဆိုင်သက်သက်၊ရှိပါလျက်ကို။ကြွက်မျက်ကန်းစွဲ။မယားခိုးလို၊ ရိုးစွပ်စွဲ။အစွဲးဆင်မြေကျူးလွန်သည်။ငါသူ့ကျွန်ဖြစ်။တကိုယ်လုံး။ရုံး ရုံးနစ်လျှင်။ မှုပြစ်မယုတ်။ ဆိုင်ရာတောတွင်း။ မြေတိုင်မင်းမှာ။ အခင်၊ လုပ်မတဲ့။ လုပ်သူ့မိထွေး။ မနေသာ။လာ၍ရွေး။ကိုယ်နေကြေးလွတ် ကောင်းပညီရယ်။

ဒေဝကုမ္ဘန်ဆို။ ။အစ်ကိုနတ်သား။ပညောင်ဖွါး။ စကားသော့ သွမ်း။ကြော့တမော့ (၁)။ မပော့ရမ်းနှင့်။ရောက်ဝင်မှန်းသိ (၂)။ မင့် မြေတာမှာ။လူခြေရာရှိလျက်ကနှင့် (၃)။ ငြင်းမိငြင်းရော။လွတ်လိမ့်ထင် ရှယ်။ ပါးစပ်ကျယ်တိုင်း။ ငြင်းပယ်ခွါ။ မင်းမာသိကြွားသားမို့လား။ ငါ့အားထက်ကြပ်။ရန်မတုနှင့်။ယခုအပ်။မအပ်ရန်လုပ်။တရားခုံ။ဆင် ခြေသံနှင့်။တော်လှန်လုပ် (၄)။ နတ်ရုက္ခစိုး။ထိမ်ချန်ဇှက်ထား။လက်ခံ မှားတဲ့။မယားခိုး။လည်ကြိုးတပ်၍ငင်ရော့မဟဲ့ (၅)။

ညောင်စောင့်နတ်ပြော (၆)။ ။တရွှေတောသူ။ရန်းမြေဘုတ်မှ။ ခွန်တုတ်ယူရသည့်။ မောင်လူယဉ်ကျေး။ စကောစနှင့်။ခေါ်စာကျွေး။ စွန့်ပြေးပစ်သွား။ မင့်မယားကို။ ငါကားမခိုး။ တရားဖြောင့်မတ်။ ကျင့် ကြံတတ်သည့်။နတ်အမျိုး။ကြိုးကြိမ်နှင့်ချောက်။ခိုးယူလေဟန်။ဖြစ်ရှာ ကြံ၍။ဂုဏ်မာန်မောက်။ငါကြောက်လိမ့်မည်မှတ်သလား။ ငါ့ညောင် ရိပ်သာ။ လေးမျက်နှာ။ သွားရာခရီးဆုံတကား။ လူခြေရာကျ။ခရီးကြုံ။ မြင်ရုံမျှနှင့်။ရမ်းဆအပ်သင့်။မင့်အထင်နှင့်။အမြင်ချင့်။ညောင်ပွင့်ပါစေ ဦးတော့လေကွဲ့ (၇)။

ဒေဝကုမ္ဘန်ဆို။ ။ငါ့အားပျက်ရယ်။ညောင်ပွင့်စေတော့။စကား ပေါ့နှင့်။သွမ်းသော့ကျယ်။ပြိုင်ဘွယ်မထောက်။နတ်သပေါက်။ ။သံ ကျောက်ကျည်ပွေ့၊ဆန်စင်ရာငါမရွှေ့။ကွေ့ကွေ့ကောက်ကောက်။ ရိုက်ဉာဏ်ပေါက်တိုင်း။ရောက်မိရောက်ရာ။ နားကလောအောင်။ မ

---

(၁)မ–ဦမရှိ(၂)ရောက်မှန်းအသိ–မ(၃)–လျက်နှင့်–ရ(၄)တော်လှန်ပုပ်–မ(၅)ငင့်ရမည် လားဟဲ့–မ(၆)ညောင်စောင့်နတ်ဆို–မ(၇)တော့ကွယ်–မ

ပြောသာ၊ လေးမျက်နှာသွား။ မြင်းကျွဲနွားနှင့်။ပုဏ္ဏားလူရှင်။မောင်မင်း
ညောင်ပင်။ ဈေးညောင်ပင်မို့။ ဝင်သည်ဆုံသည်။ငါကုန်သည်သား။
မှပဟုတ်ငြား၍။နားမလည်။သေပြီကန့်ကွက်။မအပ်ဘူး(၁)။တိမ်မြူးလို
ဖုံက်မလသား။ တရွက်မကျန်။ မင့်ဗိမာန်ကို။ မြေလှန်၍ပစ်ကရေ့မည်
ညောင်စောင့်နတ်၊

ညောင်စောင့်နတ်ဆို။ ။ကမ္ဘဝါရှတ်။ဘတ်မလွတ်သည့်။လူစွတ်
ဘဲးစီ။တရွှေ့ညီ။ ။နားညှိခမန်း။နတ်သံကျွန်းနှင့်။ သစ်နန်းရိပ်သာ။
ငါ့နေရာကို။ ဣသာမျက်ငြို။ ဖျက်ဆီးလိုဟု။ ဝန်တိုစကား။ဆို ကြွမ်း
ဝါး။မင့်ဘွားစိုက်သည့်ညောင်ပင်လား။နားကန့်လန့်ကျင်။ အကြွားနင်
အောင်၊တမင်ရန်ရှာ။ညီညွှတ်သယ်က။မကျယ်လာနှင့်၊ ကျယ်လာလူ
ဆိုး။ငါ့ညောင်ပင်ကို။မင်းမာချိုး။ချိုးဝံ့ချိုးစမ်းပါလေကွဲ့။ ။ဆိုပြီးလျှင်
ဒေဝကုမ္မာန်ဘီလူးသက်ာကင်းအောင်။မင်းသို့းနှစ်ယောက်ကို။ ဘီလူး
မာန်တန်းဆာဆင်၍ပြစေ။ ။ဘီလူးလည်း။သက်ာကင်း၍ပြန်စေ။

ဘီလူးပတ်တိုက်။ ။ရောသည်တခါ။ရသေ့ယောင်ဆောင်။ သိ
လကြောင်ကို၊ ရအောင်တောင်းတော့မည်။ တာလေးသောင်း နှစ်
ထောင်။ ယူဇနာအဆောင်။ မြင်းမိုရ်တောင်ခုလတ်၊ ယုဂန္ဓိုရ်ဇွဲစပ်။
နေဗိမာန်ပြာသာဒ်ကို။လောကဓါတ်တည်ရာ။တိုက်စကြာဝဠာ။ပြန်ရ
မည့်လူ့ရွာက။သဘော်ာပါမျက်မှန်။သူရကန်အဝန်းနှင့်။မွန်းမတ်ချိန်ခံရ
လျှင်။နေဗိမာန်အရောင်။ဂွမ်းဝါပေါက်မှို့လဲးမှာ။ရဲးကနဲးအပြောင်။ မီး
စွဲး၍လောင်သည့်နှယ်။ ခေါင်ဆိုတိုင်းခေါင်ပိုင် (၂)။ ဉာဏ်ပာသဦး
ကိုင်က။ ချင်းကိုယ်တိုင်မထိမ်၊ မင်းကဥ္စာတခုလပ်။ သီလကြောင်အ
အပ်ကို။ချစ်ကြိုးတပ်လိမ်မိအောင်။ပတ်သူရိန်ကူတော်မူလိုက်စမ်း။

ရောက်လျှင်ရသေ့ကို။ ခြိမ်းချောက်၍တောင်းစေ(၃)။ ။မသင်
စာပေ။တောပောမဝါ၊ ကြွက်ချိုးခါနှင့်။ဘာသာနေ။ ဆံခွေထုံးရစ်။ ရ
သေ့ညစ်။ ။ချစ်နှစ်သက်ယုံ။ကြွတ်မျက်စုံနှင့်။လုံခြုံခဲးခက်၊မြေချောက်

(၁)အမှတ်ဘူး—မှ(၂)ခေါင်ဆိုတဲ့ပိုင်းဘိုင်—မ(၃)ဒေဝကုမ္မာန်ဆို—ဟု—မ—၌ဆက်၍ပါသည်။

နက်တွင်။ ဖုံး၄က်ထားရာ (၁)။ သို့စင်ပါကို။ရတနာယဉ်အိ။ ကဥ္စာမိကို။မသိရိပ်မြွက်။ဘယ်သူ့လက်သို့။ကဲ့၄က်ပါအောင်။သိလကြောင်း။ ထုတ်ဆောင် ဖေါ်ယူပေးသနည်း။ သေဘေးထိုက်လျော်။ ဥာဏ်ဒွေးဘော်မို့။ အပေါ်ာသိကာံ။ ပွန့်ခန္ဓာ (၂)။ ငါ့အစာမှန်ပြီ။ အစစ်ခံမတောင်းစေနှင့်၊ရှင်ရသေ့။

ရသေ့ပြောစေ။ ။ ပြောမည့်စေ့ရေ။ ကျုပ်ဖြစ်ထွေကို။ ဒေဝကုမ္ဘန်။ချိုနားခံ။ ။လိုက်လံယာ၍။ အသင့်ဆွေနည်း။ မိတ်အကြည်။ ပျောက်သည့်မှုမှာ။ရောရှညီညာ။သူ့ဘက်ပါအောင်။တလွှာဆံခြည်။ ပရဒါရကာံ။ဒွေးဘော်ဥာဏ်နှင့်။ မကြံစည်။ သို့ပါသည်ကို။ အသင်ငါ့အား။အထင်မှား၍။စားမည်ဆိုသော်။ ဤကိုယ်ကာယ။ဇီဝိတကို။ဘုရားဆုရည်။ပံဆင်ယူ၍။လှူလိုက်မည်။ ရက်လည်ရုံသာ။ညီချင်းစာ။ ချမ်းသာပေးတော်မူပါအုံး။ ဘီလူးမင်း။ ။ဆိုပြီးလျှင်(၃)ဒေဝကုမ္ဘန်ဘီလူးနန်းဘုံကိုပြန်စေ။ ။ကဥ္စာဝတီ၊ မာလာဝတီတို့။ တတောထွက်ဝင်၊တပင်နေနားသွားစေ။

တခန်းရပ်။

———။ဝ။———

မဟာရောဇ။သံရောဇ။ခမည်းတော်မင်းကြီးဆို။ ။ခွဲးဝေနိုင်းညှိ။ တိုင်းထွာသိသည့် (၄)။ဥာဏ်ကဝိနတ်။လေးပါးမတ်တို့။ ။ဘုရားထူးစေ (၅)။ ။သားတော်နှစ်ပွင့်။ဘုန်းနှစ်မြင့်၏။ အသင့်ကိုယ်စား။ တည်ထားပြုရန်။ရေကန်ဥယျာဉ်။ ဂူဆွေမင်း။ အလျှင်ဖန်တည်။ထားရမည်။တံခါးကျည်လျှို။လိုဏ်နဂိုရ်မှာ။ ထွက်လိုဝင်သွား။ခုနစ်ရက်တပတ်။ ဂူဆွေလိုဏ်တွင်း။ မီးတိုင်လင်း၍။ ရောင်ချင်းဟပ်။မပြတ်ပန်းရုံခင်းရမည်။ ဝေးနီးကိုဘ္ဘိ။နှံ့ပြားသိအောင်။လိုဏ်ကြီးဂူဟာ။ အတွင်းမှာ။အကွဲရာတံဆိပ်ထားရမည်။

---

(၁) သို့၄က်ထားရာ—မ (၂) မင့်မွန်ခန္ဓာ—မ (၃) မ—ဥ္ဆမရှိ (၄) တိုင်းထွာသိ—မ (၅) ဘုရား—မ

မင်းသို့နှစ်ပါးလည်း၊ ဘီလူးမာန်တန်းဆာကို မချွတ်ဘဲလာရာ။ လမ်းတွင်ဂူလိုဏ်တွေ့၍ ဝင်ခိုနေစေ။ ။ဝန်တို့ ပန်းမွှေ့ရာခင်းလာ ရာ။ဘီလူးမနှစ်ယောက်တို့ကိုတွေ့၍။ဝန်တို့က(၁)။နန်းတော်သို့ဝင်၍ တင်စေ။

တင်ပါသည်ဘုရား။ ။သားတော်မင်းမြတ်။နှစ်ဘုန်းနတ်၏။သင့် မြတ်ကိုယ်စား။ တည်ထားစိမံ။ ရေကန်ဥယျာဉ်။ လိုဏ်ဂူမင်ဝယ်။ မပြယ်ရနံ့။ထုံပျံ့သင်းစွာ။ပန်းမွှေ့ရာမှာ။ရောင်ဝါပြောင်ရွှန်း။ မီးတိုင် ထွန်းသော်။စွန်းလွန်းတမာ။ ယောမဝါက။မိန္တာမျိုးနွယ်။မဘွယ်မရာ။ မင်းနေရာတော်။ စက်ညောင်ကြွေ့လွန်။ ထုံနှင်းသွန်တဲ့၊ သလွန်ပေါ်။ အိပ်ပျော်လျက်တွေ့ရှိပါကြောင်းကို။ရွှေဘဝါးတော်မြတ်အောက်ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား။

မင်းကြီးဆို။ ။မှူးတော်မတ်တော်တို့။ ။သားကြီးနန်းလျာ။မဟာ သံရောဇ (၂)၊ ကုမာရသည်။ ခါနှစ်လည်က။လိမ်လည်လှည့်ဖြား။ပု ခက်ဆက်ဟန်။ဝက်ဥာဏ်နှင့်။အမှန်ခိုးယူသွားဘူးသည်။ နှစ်ဦးနှစ်ဝ။ နှစ်ဌာနကြောင့်။ဒေါသလူလူ။ ဘီလူးဟူက။စိတ်ပူမဆုံး။မေတ္တာတုံး၍။ မုန်းတော်မူ။ရေးယူနေ့တိုင်းစစ်ကြောသည်။ယခုတခါ။ လိုဏ်ဂူတွင်း သို့။ကျော်နင်းလာသည်။နှစ်ဖြာယက္ခ။ရန်မီးစကို။မုတ်ဝလိုဏ်ချောင်း။ ဝိုင်းဝန်းလှောင်။မိအောင်ဖမ်းဆီးကြရမည်။ ။အမတ်တို့ ဝန်းဝိုင်း၍ ဖမ်းစေ။

ဖမ်း၍မိကြောင်းကိုတင်စေ။ ။တင်ပါသည်ဘုရား။နှိပ်နယ်ဘီလူး။ ရန်သူဦးကို။ညှိကျူးမီးတိုင်။ မွှေးပျံ့ကြိုင်တဲ့။ဂူလိုဏ်ချောင်မှာ။ ချည် နှောင်ဖမ်းဆီးမိပါကြောင်း (၃)။ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။

မင်းကြီးဆို။ ။မှူးတော်မတ်တော်တို့။ ။မဟာရောဇ။သြရသ သား။ ထီးချက်ဖွါးကို။ လှည့်ဖြားခိုးယူ။ ယခုတခါ။ ကျူးကျော်ထွင်း ဖေါက်။မရှုံ့ကြောက်ဘဲ။ရောက်သည့်တာမှာ။မာယာကောက်ကျစ်။

(၁) မ—၌မရှိ (၂) မဟာရောဇ—မ(၃)—ကြောင်းကို—ရ

ရန်သူဦးက။ဘီလူးစစ်ကို။အစစ်ထူးထွေ။မခံစေနှင့်။လက်ခြေနှစ်ဘက်။တုတ်နှောင်ရှက်၍။စက်ယန္တရား။ရဟတ်ဆင် (၁)။ ဆွဲငင်ထား။ထင်ရှားအောင်စီရင်တော်မူမည်။

စက်တိုင်ဆွဲ၍ထားသော်။မင်းသို့်းများငိုကြွေးစေ။ ။ဘယ်ရှေးတဲ့တုံ့ကြမ္မာ (၂)။ဖန်တရာကြီတော်ကတ်ပါဘိ။ ရဟတ်ကယ်စက်တိုင်ပေါ်။ ကြုံရလေသမိုင်း။ နောင်ရာဝင်ရိုင်းလေငဲ့။ သူ့တိုင်းမှာမို့နေဘ်။ ။ရှိဘဲ့ချက်ကြီပေါ်ရှော်။ညီမတော်နှစ်ကိုယ်ထီးမှာတဲ့။မနိုးပြည်ဇေယာ။နှောင်ချက်ကြွေကွာဝေး။ သူ့ပြည်နယ်ကျေးမှာရ။ သေဘေးငဲ့ကြုံတွေ့လာ။ ။ဖြစ်လာတဲ့မယ်တောင်ညာ။ ဘုရာဇာ မြင်ပါဒိုးတော့လား။အဆုံးရယ်မတိုင်ခင်။ရွှေပဒုံ့ကြာဖူး။ဆယ်လက်ရုံပြူးပါလို့။ရှိဦးငယ်တင်လိုက်ချင်။ ။ဘီလူးငယ်တဲ့အမှတ်ထင်။စက်တိုင်ဆင်။စီရင်ထားပါလို့။ နှစ်ပါးငယ်မယ်တို့ကံ။ ကြီဖန်ငယ်ကြိုးစား (၃)။ကိုယ်စားလှယ်ဘယ်သူများငယ်တို့။ရသွား၍တင်ပမယ်။ ။ငိုကြွေး၍နေသော်။ကိုယ်စောင့်နတ်သို့်းနှစ်ယောက်လာစေ။

နတ်သို့်းဆို။ ။ကျုပ်တို့သည်ကား။အခြားမဟုတ်။ ဆယ်လှော်ခုတ်သို့။သွင်ရုပ်နီတုံ။ ငါးအင်ရုံသည့်။ ကြေးမုံကဋ္ဌာ။ မင်းမာလာတို့ကို။ မကွာနိစ္စ။ စောင့်ကြပ်မသည့်။ ဆွေမညီတော်။ တဝမ်းပျော်ကို။ ခမည်းတော်နတ်။ရန်ညွှန့်နူး။ဘီလူးမှတ်၍။သတ်အံ့ယခု။ ကြီသည့်မှုကို။ မျှော်ရှုပ့်ထောက်။ ဒုက္ခဝဋ်မှ။ ကင်းလွတ်မြောက်အောင်။ နှစ်ယောက်ကိုယ်စား။ ချစ်သနားလှတယ်။ သွား၍ကယ်ဆယ်ကြဦးစို့မမရှင့်။ ။ရောက်လျှင်မင်းသို့်းမေးစေ။

နတ်သို့်းဆိုရန်စကား(၄)။ ။ပြောမည်သာကြည်။ကျုပ်တို့သည်ကား။ သွေ့ဖည်မထောင့်။ ကောင်းရာမှန်ဘို့။ လမ်းညွှန်ဖြောင့်။ကိုယ်စောင့်နတ်သို့်းဖြစ်ကြသည်။ သူ့မွေးဘထံ။ချွေးမတော်စစ်။ အမှန်ဖြစ်

(၁)ရဟတ်ဆင်၍—မ(၂)ဘယ်ရှေးတဲ့ဝဋ်ကြမ္မာ—မ (၃)ကြီဘန်ကြိုးစား—မ(၄)နတ်သို့်းဆို—မ

သည်ပဲ့။အစစ်တော်ခံရအောင်။မြိုင်ယံပျော်မွေ့။ရှင်ရသေ့ထံသို့။ အခြမြန်သွား၍။ပင့်ကြွားခေါ်ချေရဦးတော့မည်။

ရသေ့ကျောင်းကိုရောက်လျှင်၊ နတ်သို့်းများဆိုစေ၊ ။ အိုအိုဘုရား။မြတ်မေခါဝီ။ထုံးတန္တ်ကို၊တိစိဝရိတ်။ဂန္ဓိုင်ပွန်းစို၊မြိုင်ညိုညိုမှာ။ဆည်မြို ကြိုတ်ပေတဲ့။ထိပ်ခေါင်တင်ငယ်လေ(၁)၊ ။ရွှေနားတော်နာ။ ကျွန်တို့မှာကား၊ စေနာမပြယ်။သိန္ဓေဂိရိ။ ကျေးဇူးရှိသည့်၊ မွေးမိမယ်သို့၊ကိုယ်ဝယ်နိဗ္ဗ၊စောင့်ကြပ်မသည့်၊ ဒေဝမိနတ်ဖြစ်ပါသည်။ မိန်ဒါလီစစ်။ညီမနှစ်ကို။လွှန်ချစ်၍နေဘ်။ သက်ခန္ဓာညိုး၊ သေမည်စိုးသောကြောင့်၊ ကောင်းကျိုးဆောင်၊ ပင့်ခေါ်ရောက်လာကြပါသည် ဘုရား–ဘုရား။

မင်းသားရသေ့ဆို၊ ။သင်တို့ဇာတိ၊ ကိုယ်စောင့်နတ်ပင်၊ ဖြစ်ကြောင်းအင်ကို၊ပြင်ပြင်သိပြီ၊ အမိသည်းချာ။မိန်ဒါလီစစ်၊ ညီမနှစ်ကို၊ဘယ်ဖြစ်ဆောကြောင့်၊ ခန္ဓာနွမ်းနယ်။သေရမယ်လို့။ နားဝယ်ပျံ့ပျူး။သိသာတဲ့အောင်လျှောက်ပါဦး။

နတ်သို့်းဆို။ ။အိုအိုဘုရား၊တောဖျားမြိုင်ရုံ၊ ရဂုံပေါမာ၊ ရညဝါမှာ။ဆယ်ပါရမီ၊ကုံးသီဆင့်ပေတဲ့၊လောင်းပွင့်ငုံငယ်လေ၊ ။ကြေးမုံကဠာ။မင်းမာလာတို့၊အောင်ချာဘုံတည်၊စံတော်ပြည်မှာ။ရုပ်ရည်ပေါက်လစ်၊ဘီလူးဖြစ်နှင့်။အချစ်ယုံစား။ခမည်းတော်သွင်၊စိတ်ကထင်၍။အဝင်မှားသောကြောင့်၊ ဘဘွားဘုန်းမော်၊ ရွှေနန်းမျော်က၊ ညီမတော်မြတ်။နှစ်ပါးနတ်ကို။သတ်ဖြတ်မည်ကြံ။ငြိုငြူမျက်မာန်နှင့်။ရာဇဏ်စီရင်(၂)။ရန်သူ့သွင်သို့။တမင်ငြိုး၍၊စက်ကြိုးမှာတင်သည်။ မြင်သူမရှုဝံ့ပါဘုရား–ဘုရား။

ရသေ့မင်းသားဆို။ ။ဖြစ်ခြောက်စင်ကြွယ်၊ ယဉ်မျိုးကြွယ်လှသည့်(၃)၊တင့်တယ်ရုပ။နတ်မယ်လျှ၊ တကာမကဠာ၊ မင်းမာလာတို့ကို၊ ရာဇာဘခင်၊မြတ်သမုက။ဖြစ်ပုံအင်ကို၊ ပြင်ပြင်ကြားသိရပေပြီ။

(၁)ထိပ်ခေါင်ထားငယ်လေ–ရ (၂)ရာဇဒဏ်စီရင်–မ(၃) ယဉ်မျိုးကြွယ်သည်–မ

ဘယ်ကြောင်းထူးလည်း။ဘိလူးဖြစ်၍။ဖြစ်ပြုသည်ကို။ သာကြည့်ပျံ့ပျူး။သိသာတဲ့အောင်လျှောက်ပါဦး။

နတ်သမီးဆို။ ။အိုအိုသခင်။ ထိပ်တင်ဘုန်းကြွယ်။ ရညဝါသီ။ ဆယ်ပါမီကို။ ကုံးသီရုံးပေါင်း။ ဆင့်ဆင့်လောင်းပါတဲ့။ နန်းလောင်းနွယ်ငယ်လေ(၁)။ ။ပျက်ပြယ်ကုံစင်။ဆယ်ရံဆင်၍။တင်လျှောက်ပါမည်။ ယက္ခမာန်တန်းဆာ။ ဆင်မိရာတွင်။ ရုပ်ဝါပေါက်လစ်။ဘိလူးမှုလ။ညီအစ်မတို့။ဖြစ်ရတယ်။စာသငယ်ဝန်း။ ကယ်ဆယ်လွှတ်သို့။ မကွပ်ညှပ်မီ။စက်ပန်းချီမှ။စောညီမတွေ။စံဆယ်ဝှော်ခုတ်။ယဉ်မျိုးချုပ်တဲ့။နတ်ရုပ်ဆွေမှာ။မသေချမ်းသာရပါတော့မည်ဘုရား–ဘုရား။

ရသေ့ထည်း–၆–ရက်လည်သည်ဖြစ်၍။ ဒေဝကုမ္ဘာန်ဘိလူးထံ။ ခွင့်ပန်သွားစေ။

နား၏တန်းဆာ။ ပျားသကာသို့။ ကဗျာရွှမ်းစိမ့်။ လွမ်းလိမ့်လေ။ ။ရိုက်ခြိမ်းဝသုန်။ မြေမိုးတုန်မျှ။ ဓနုံနတ်သ။ စက်ပျံရသည့်။ ယက္ခသနင်း။ဘိလူးမင်း။ ။ဆိုရင်းအချက်။ ကတိချက်နှင့်။အသက်ခန္ဓာ။သေသင့်ပါ၏။သို့ရာတွင်လေ။ကျွန်ုပ်သေမူ။ မိတ်ဆွေကြီးငယ်။ နှစ်ယောက်လုံးတို့။ ဆုံးတော့မယ်။ တော်နှစ်ယောက်သား။ ဆုံးမည်အားကြောင့်။ ကြွသွားအံ့ဌါ။ တိုင်းအောင်ချာသို့။ မေတ္တာရပ်သည်တည့်လေ။ ။သံချိုတည့်ငြိမ့်ညောင်း။လွှတ်ခွင့်တောင်း။

ရပ်ခံမေတ္တာ။ခွင့်ပေးပါအောင်။ချိုသာနှုးညှံ့ ကျူးအံ့လေ။ ။ရဲ့ဝံ့တည်ကြည်။သေရမည်ကို။ဆံချည်ထွာလောက်မျှ။ မကြောက်ဘူး။ချင့်ထောက်တိုင်းထွာ။သို့အရာတွင်။ခန္ဓာပျက်ပြုန်း။ကျွန်ုပ်ဆုံးက။နှလုံးစွဲးကပ်။ဘိလူးမှတ်၍။သတ်ဖြတ်တော့မည်။ပြုဘိသည်ဟု။သာကြည့်နာဘွယ်။ နတ်မယ်နှစ်ယောက်။ သတင်းပေါက်၍၊ ရောက်လာတယ်။ ကယ်ဆယ်ပြီးမှ။ဇီဝိတကို။စိတ်ချ၍ သာ။ သေခံပါမည်။ သစ္စာနှံ့ဆိုသည်တည့်လေ။ ။ချွေယိုင်တည့်ညွတ်ပြောင်း။မတိမ်းစောင်း။

---

(၁) နန်းလောင်းနွယ်လေ–မ

ဒေဝကုဏ္ဍန်ဆို။ ။သယ်တဉာဏ်လိမ်လယ်။ရသေ့ငယ်လည်း။ အနန္တရာပယ်ရောက်။ သက်သေဘေးကို။မျှော်တွေးထောက်။ရှေ့နောက်နှစ်ခွ။မတည်ပ။ဒွိဟာစကားပြောဆိုသည်။ ပြောဆိုနောက်ရှေ့။ စကားရှေ့။ ရသေ့မပီ။ အလင်္ကာကို။ စက်သီခေါင်မြင့်။ကြိုးနှင့်တွဲးလဲ။ မြင်သူကြောက်အောင်။ စောက်ထိုးဆွဲ။ ပွဲတော်တည်ရန်။ နှလုံးသားကို။ မြားစက်ပျံ။ နေပယ်ရဟာတ် (၁)။ တည့်မွန်းမတ်ကို။ပစ်သတ်တော်မူမည်ဟဲ့။

ဘီလူးအမတ်တို့တင်စေ။ ။တင်ပါသည်ဘုရား။တောကျောင်းပျော်မွေ့။ ရည၀ါသီ။ ခိုကပ်မှီတဲ့။ ဤရသေ့လည်း။ ပြကတေ့တမင်။ ကိုယ်တော်ရှင်ကို။ခြေငင်လက်ကိုင်။ ကြိုးရှုယ်နိုင်၍။ ဘက်ပြိုင်ဝံ့မည်မဟုတ်ပါ။မတည်မကြည်။ယွင်းသွေဖည်၍။ဆိုသည့်မှာလည်း။ ဗျာပါတောင်ရှိ(၂)။ကြောက်ရွံ့ဘိ၍။ ဆိုမိဆိုရာဆိုပါသည်။လျှော်တေသက်နီး။ကမ္ဘဋ္ဌာန်းနှင့်။စီးဖြန်းရှုတ်ဖတ်။သူတော်မြတ်ကို။မသတ်သင့်ပါ။သက်ခန္ဓာ။ချမ်းသာပေးတော်မူပါဘုရား။

ဒေဝကုဏ္ဍန်ဆို။ ။မင်းတို့လျှောက်ထား။တင်စကားကို။ငါကားခံတယ်(၃)။နားမလယ်ဘူး။တကယ်သို့စင်။ သဗ္ဗညုဉာဏ်။ပန်သည့်မှန်လျှင်။ကေန်ပြကတေ့။သေဘေးတွေ့က။ရသေ့တို့တမ်း။မကြောက်ရွံ့ဘဲ(၄)။တခွန်းချိုခါး။ဆိုစကား (၅)။ဝံ့စားတည်ကြည်။ သက်သေခံ၍။ပြန်ရမည်။သည်ရှင်ရသေ့။စာဂတန်တဲ့။ဉာဏ်လိန်ကွေ့ကို။ ထပ်၍မတင်ကြနှင့်ဟဲ့။ ။အမတ်များလည်းရသေ့ကို။စက်တိုင်တွင်ဆွဲထားစေ။

ရသေ့ပိုစေ။ ။ငါခန္တီဝါ။ ပမာတန္တီ။ ထုံးစံမညီ (၆)။ဆယ်ပါးပါရမီ။ကုံးသိမုံ့ထွား။ငါကားဇာနည်။ မြဲးခိုင်တည်ကြည်။ သက်သေမည်လည်း။ဆံချည်ကျိုးမျှ။ဖိုး ရွံ့မထိ။ ။ပြေပါနိုင်။ခွေယိုင်ဗျာပါ။ညှိုးလျှော်သည့်မှာ။မယ်တောင်ညာ။ရာဇာဘာဘွား။နှစ်ပါးပုံပြင်။ ဘုန်းရှပ်တော်သွင်။မသေခင်ကို။မြင်ချင်သေးပါလို့။ဆွေးရသည်တာ။ ။တျ

---

(၁) နေတန်ရဟာတ်–ရ (၂) ဗျာပါတော်ရှိ–မ (၃) ငါကားခါးတယ်–မ (၄) မကြောက်လွန်းဘဲ–မ (၅) ဆိုစကားကို–ရ (၆) ထုံးစံညီ–မ

မကွာ။ပူတာမြင်မျှော်စမ်းပါလှဲ့နော်။ဂန္ဓမာတောင်ပျော်။သားတော်ချို
ခါး၊တရားမြိုက်ရည်။ ကျေးလိုက်ချင်သည်(၁)။ ဝန့်တာရှည်လည်း။
မျိုးမည်ကွဲ။သဲနာအောင်ကြို။ ။မောဂ္ဂလာန်။ထေရ်ပျံမဟာ။ဝဲတော်
ရံမှာ။ စိုးဖြန်းဘာဝနာ။ ရန်ရှာခိုးသား။မမှားဝန့်မှန်၊ တွေ့ကြုံရပြန်။
ငါးရာဒဏ်လည်း။ ခံရသေး။တွေးချင့်မိပါ။ ။မလွှဲသာ။ ကိုယ်တာ
ကိုယ်စီ။ ရှေးဝန့်ကံညီ။မယ်ကုမာရီ။ဒေဝီနှစ်ပါး၊ကျုပ်အားဖြစ်ဟန်။
စောညီမထံ၊နေပြည်ပြန်လည်။ရွှေဥာဏ်နှောလို့။ပြောကြပါလေ။ ။
ဩဩပုဏ္ဏကနတ်။ဝိဂူမတ်ကို။ ရစ်ပတ်အမြဲ။မြင်းမြီးခေါင်မှာ။ တုတ်
နှောင်ဆွဲသို့၊ငါလဲးထို့တူ။ ရန်သူဆိုး။ အငြိုးမူ၍၊ သည်းအရူပြောင်း
ပြန်၊အောက်ထက်လံအောင်။ဖလ်ဥဏ္ဏဂူ။တည့်မွန်းမတ်သည့်၊တံလျှပ်
ပူမှာ၊လှိုက်ဆူကျွမ်းဘွယ်။ နှိပ်နယ်ပြောင်းပြန်။ငါသံရောဇ။ တာပသ။
ခံရဟန်ကို။ ရှစ်ပြန်နှစ်ထောင်၊များကုန်အောင်ကို။ ရွှေတောင်ကြီးရင်။
စောနတ်သျှင်က။မမြင်ကြောင်းလျှာ။မေ့ချက်ကယ်ကြာလေခြင်း။ ။
ကာသစ်ညှာပင်ရင်းက။ စံခင်းတဲ့သေလာ။ မျက်ကိုးမျက်ခြယ်မွှာတဲ့။
ဝသာဝဏ်စံဘွေးကြာ့မှာ။ ပျောင်းပျော့လဲးဝါ။ စဉ်မျက်နှာ။မာပါစေ
ဆုတောင်း။နတ်မင်းငဲ့မကူ။နေနိုင်တော်မူရန်မှာ။ပူသူကိုကူပါလှဲ့တော့။
အေးတဲ့စကြောင်း။

သိကြားဆို(၂)။ ။ဩ ပါရိဆတ္တက။ရကျွဆန်းဖြား။ရွှေငွေတလင်း။
ကာသစ်ရင်းမှာ။ခင်းကျင်းထားသည့်။မြသားပဏ္ဍု။လဲးဝါနှလည်း။ယခု
ထူးလည်။ဘယ်အခင်းကြောင့်။မာတင်းသည်။လူ့ပြည်မြန်ရပ်။ လော
ကခါတ်ကို။ ချင့်တွက်နှိုင်းလျော် (၃)။ ဥာဏ်ဖြင့်မျှော်။ ကြည့်တော်
မူရဦးတော့မည်ကဗျား။ ။သယ်၊ ငါမြှောက်ချီးပ။အောင်ဆုသသည့်။
ဒေဝကုမ္ဘန်။ဘွဲ့နာမံနှင့်။ ပြင်းထန်တေဇ။နတ်ယက္ခလည်း။ဒသပါရမီ။
ဖြည့်ကုံးသီသည့်။ ညီတော်တောပျော်။ မြတ်သူတော်ကို။ ယွင်းချော်
အတွေး။ရသေ့မမှန်။စာဂတန်ဟု။ထင်ဥာဏ်သေး။ လေးနှင့်ပစ်မည်

(၁) ကျေးလိုခြင်သည်–မ (၂) သကြားထွက်၍ဆို–မှ (၃) တုပ်အုပ်ခုသော်–မ

ကြီချေသည်။ လေးနှင့်အသေ၊ ပစ်သတ်ချေက၊ မသွေပမာ၊ ရှင်ဒေဝ
ဒတ်၊ သုံးလူ့နတ်ကို၊ သတ်မည့်တသို့၊ ပဋ္ဌာနတ္တရှိ။ ကံဝဋ်ဘိ၍ (၁)။
ဝိစိပြင်းစွာ၊ နိရိယာမှာ၊ ကြီးစွာဒုက္ခ၊ နတ်ယက္ခမှူး၊ ထိုဘိလူး၊ လွန်ကျူး
ခံရချေတော့မည်။ ငါးထောင်ပဋ္ဌာ၊ သာသနာကို၊ နုဂ္ဂဟာဖြင့်၊ ထမ်းရွက်
ချိန်သင့်လှပြီ။ ကျွတ်လွတ်ခွင့်ကျ (၂)၊ ထမ်းရွက်ရအောင်၊ မစကြည့်ရှု
ရဦးတော့မည်ကဗျား။

ပဇ္ဇုန်နတ်တို့ကိုခေါ်စေ။ ။တိမ်သင်တိုင်းရုံ၊ နတ်ပဇ္ဇုန်နှင့်၊ အမ္ဗုန်
ဝလာက၊ ဘွဲ့မည်ရသည့်၊ ဒေဝအမောင်၊ သားရွှေတောင်တို့။ ။ရွက်
ဆောင်ကူဖန် (၃)၊ ဆင့်ဆိုရန်။ ငါ့ထံယခုဆိုက်ရောက်သည်။ မောင်
တို့တသင်း၊ ထံတော်ရင်းသို့၊ ချက်ခြင်းယခုရောက်ကြကုန်။ ။ရောက်
စေ။

သိကြားဆို။ ။လေးယောက်အမောင်၊ မိုးနတ်သားတို့။ နားဝယ်
ထောင်၊ မြိုင်ချောင်ပျော်မွေ့၊ ဆယ်ပါးပါရမီ၊ ဖြည့်ကုံးသီတဲ့။ ညီရသေ့
အား၊ ရသေ့မမှန်၊ စာဂတန်ဟု၊ ထင်ဉာဏ်သေးရောင်၊ နောင်ညီအစ်ကို၊
ထိုဘိလူးလည်း၊ ထူးထူးစိတ်ရည်။ ဇီဝိတိန္ဒြေ၊ ကင်းပြတ်ကြွေအောင်၊
ကြီချေသည်။ တည်ကြည်စာဂ၊ ကျင့်သီလနှင့်၊ မျှသမာဓိ (၄)။ မသေ
သက်ရှည်။ ဘိလူးပြည်တွင်၊ ရှိကြောင်းအင်ကို။ ထင်ထင်သိအောင်၊
ကူဋ္ဌိတန်းခိုး၊ အာဏာမိုးက၊ မုရိုးစည်နှက်၊ လျှပ်စစ်ယိုးယဲ့၊ တိမ်မိုးမဲ
နှင့်၊ တခဲနက်အောင်၊ နတ်စက်ထစ်ချုန်းချေရမည်။

နတ်သားတင်။ ။တင်ပါသည်ဘုရား၊ ဒေဝကုမ္ဘန်၊ အောင်ဆုခံ
သည်။ ဣပ်ယာဉ်မှူး၊ နောင်ဘိလူးအား၊ ငုံဖူးပွင့်လျာ၊ ခန္တိဝါဟု၊ ညီတာ
ပသ၊ သိသဖြူစင်၊ ရှိကြောင်းအင်ကို၊ ထင်ထင်သိအောင်၊ ဘုရားကျွန်ယုံ၊
နတ်ပဇ္ဇုန်တို့၊ ဝတ်မှုံ ရွှေဖျင်၊ ဒုရင်သင်တိုင်း၊ ဖွဲ့ဆင်သိုင်း၍၊ တိမ်လှိုင်း
ခဲနစ်၊ ကြွေးကြော်ဟစ်၊ လျှပ်စစ်ထစ်ချုန်းပါတော့မည်ဘုရား။

သွား၍မိုးနတ်သား၊ မိုးကြိုးတို့ဖြင့်၊ နေမွန်းမတ်ချိန်ကိုပစ်ခတ်ကြစေ။

---

(၁) ကံဝယ်ဘိ၍—မ (၂) ကျွတ်လွယ်ခွင့်ကျ—မ (၃) ယွင်းဆောင်ကူဘန်—ရ၊ ယွင်းဆော်ကူဘန်—မ (၄) မြသမာဓိ—ရ

မိုးကြိုးသံကိုကြား၍ ဘီလူးအမတ်တို့တင်။ ။တင်ပါသည်ဘုရား။ ဘုရားနွယ်စစ်။ဤရသေ့။မျိုးစေ့ဖြစ်၍။ လျှပ်စစ်ယိုးယဲ။ တိမ်မိုးမဲနှင့်။ တခဲနက်သာ။ထက်အာကာက။ ဝလာပဇ္ဇုန်။နတ်အမ္ဗုန်တို့။ခြိမ့်ရုံသင် တိုင်း။ဖွဲ့ဆင်သိုင်းလျက်။မိုးတိုင်းတိုက်နှင်း၊တမွှမ်းဖြင်မှု။ဝန်းကျင်ပတ် ကုံး။ ပြိုးပြက်ဝရဇိန်။ မွှန်းတည့်ချိန်ကို။ မင်တိမ်ဖုံးလို့။ရိုက်ချုန်းပတ် လည်။ စို့သက်တံနှင့်။ထင်ပါသည်။ ပဏ္ဏသာအားသန်။ရင့်ကြောင်းပံ ဆင်။ သူတော်စင်သည်။ ဗုဒ္ဓက်နွယ်။ ဖြတ်စင်ကြွယ်လို့။ မချယ်ငြိုး မာန်။ရာဇဒေဏ်ကို။သည်းခံတော်မူပါဘုရား။

ဒေဝကုမ္ဘန်ပြောစေ(၁)။ ။သည်းညည်းခံပါ။ငါအရှင်ကို။မတင် လာနှင့်၊ သုံးရွှေမှန်ကျူ။ ပင်နန်းသူကို။ သည်ပိုးယူ၍။ ခမူတဖန်။ ခွေး ဘော်(၂)ဉာဏ်နှင့်။ အကြံပေါက်တဲ့သူတကား။ ခွေးဘော်(၂)ဉာဏ် လှောက်၊ရသေ့မမှန်။စာဂတန်တဲ့။ဝက်နံကောက်ကို။ရိုးသောက်နံက်။ ဝိဒေကျွန်းက။ နေဝန်းထွက်မှ။ပျောက်ပျက်ဆုံးစေ။ ကောင်းလုံးကြေ အောင်။အသေပစ်သတ်တော်မူမည်၊ ဘီလူးအမတ်များ(၃)။ ။ဆို ၍အိပ်စေ၊

သိကြားလာစေ၊ ။ရောသည်တခါ။ ဆောင်ရိပ်ငြိမ်မှာ။ အိပ်ချိန် တန်ပြီ။နန်းရန်ညီငယ်။မဂ်လမ်းသွယ်ကို။ နှိပ်နယ်ဖြင်းထန်။ ဘီလူးမာန် စစ်။စွဲးကပ်ရစ်၍။သတ်ညှစ်ဖျစ်မည်ကြံချေသည်။ အကြံမှောက်မှား။ သတ်မိငြားက။ လေးပါးပါယ်ရွာ။ လားမည်တာကို။ စေတနာငြိ။ မ သတ်မိဘဲ။ ရှေးဝိပါဝဋ်။ ဘီလူးအချင်း။ ရုပ်အဆင်းမှ။ ရှင်းရှင်းလွတ် အောင်။ပြုထွတ်စင်ကြယ်(၄)၊ ရွှေစလွယ်။ လည်ဝယ်ဆွဲးဆင်ရဦး တော့မည်ကဗျား၊ ဖြဟ္မစိုရ်စလွယ်။လည်ဝယ်တစ်။ဆွဲးဆင်မိက။ ဆီ ထိဂွမ်းနှုံး၊ထုံးတန္တုသို့။ဘီလူ့မာန်ပြေ။ စွယ်ကျွတ်ကြွေလျက်။ သံဝေ လနံ့ကြား။ ယူတရားဖြင့်၊ လေးပါးဖြဟ္မစိုရ်။ညှိဖြန်းပြို။ အစ်ကိုညီမှန်း သိလိမ့်မည်။ခမည်းတော်ရင်း၊ မယ်တော်မင်းကို (၅)။ လွန်းတင်းဆို ရောင်ပွါးလိမ့်မည်၊ သတ်နှလုံး။ စွဲးစိတ်သုံး။ ယူကျုံးနေခင်တရလိမ့်

(၁)ဒေဝကုမ္ဘန်ဆို–မ(၂)–(၂) မ–၌မရှိ (၃) မ–၌မရှိ (၄) ဖြူဆွတ်စင်ကြယ်–မ (၅) မယ်တော်ရင်းကို–မ

မည့်သင်မင်းသား။ ။ဆို၍ ပြဟ္မပိုရ်စလွယ်ကိုဆင်စေ။ ။ရသေ့ကို ညီမှန်းသိ၍ ။စက်တိုင်ကချစေ။ ။မင်းသားကြီးလည်း။ ညီတော်နှင့် အတူ။ရသေ့ရဟန်းပြုလုပ်စေ။

ဒေဝကုမ္ဘန်ပြဇာတ်ပြီးပြီ။

ကျွန်ုပ်တို့အောင်ဇေယျာတုစာပုံနှိပ်တိုက်၏

# ဝန်ခံချက်။

(၁) လောကီလောကုတ္တရာကျမ်းစာအုပ်အမျိုးမျိုးကိုရိုက်နှိပ်ခြင်း။
(၂) မင်ရောင်အမျိုးမျိုးနှင့်၊ကျနသေချာစွာရိုက်ပေးနိုင်ခြင်း။
(၃) အင်္ဂလိပ်စာလုံး၊မြန်မာစာလုံးအမျိုးမျိုးနှင့်ရရှိနိုင်ခြင်း။
(၄) **(Line Block)** လိုင်းဘလောက် ရိုးရိုးနှင့် **(Halftone Block)** ဟာဖ်တုန်းခေါ်ဓါတ်ပုံဘလောက် **(Three Colour Block)** မင်ရောင်သုံးမျိုးဘလောက်များကိုရိုက်ပေးနိုင်ခြင်း။
(၅) စာပုံနှိပ်လုပ်ငန်းနှင့် ပတ်သက်၍၊ သဘောကျရိုက်နှိပ်ပေးပါသည်။ ငုင်းပြင်း။ ရှင်ပြု နားသ။ထိမ်းမြားမင်္ဂလာအတွက်။ ဘိတ်ကြားစာ ကပ်အမျိုးမျိုးရောင်းရန်ရှိပါသည်။

ရောင်းရန်ရှိသောစာအုပ်များ အဘိုးနှုန်းစာရင်း။

ကောသလဇ္ဇိမ်မက်(၁၆)ချက်ဒီကာ–တအုပ် ...... ၀–၈–၀။
အာစာရဒေသနာယပ်လှဲတရားစာသစ်–တအုပ် ...... ၁–၈–၀။
ကျိုက္ကစံ (ဦးအာစရအရှင်) ရေးသားသည်။
ဗုဒ္ဓဘာသာအခြေပြ–နိဗ္ဗါန်ပေါက်လက်စွဲကျမ်း–တအုပ် ၁–၀–၀။
သိမ်တောင်ပဏ္ဍိတရေးသားသည်။
တခိုင်လုံးရွှေဝတ္ထု–တအုပ် ...... ...... ...... ၁–၈–၀။
မိဖုရား မမြကလေးနှင့်၊မြမျိုးနွယ်ဝတ္ထု(ဇာကျယ်)အပည်ခံရေးသားသည်။
မြွေကုထုံးကျမ်း–တအုပ် ...... ...... ...... ၂–၈–၀။
အငြိမ်းစားမြို့အုပ် (ဦးဘိုးဘေ ၄) ရေးသားသည်။
ဒေဝကုမ္ဘန်ပြဇာတ်–တအုပ် ...... ...... ...... ၀–၆–၀။
မင်းဆက်များစွာ ထင်ရှားကျော်စောခဲ့သောစာရေးကြီးဆရာ (ဦးကြင်ဥ) ရေးသားသောကျောင်းသုံးဖြစ်သည်။
သာသနာလျှောက်နှင့်ဆွမ်းတော်ကြီးစာတမ်း–တအုပ် ၀–၄–၀။
စလေဦးပုည၊စီရင်ရေးသားသည်။
သာသနာလျှောက်နှင့်ဆွမ်းတော်ကြီးစာတမ်းအဖွင့်တအုပ်၀–၄–၀။
ဒိမ်ငှါးခြေပြစာဖြတ်ပိုင်း–တအုပ် ...... ...... ၁–၀–၀။
ဧဩ်ဒီမန်စာချုပ်–တအုပ် ...... ...... ...... ၁–၄–၀။
ရှေ့နေရှေ့ရပ်များနှင့်ညှိနှိုင်းစီစဉ်ထားသောစာအုပ်ဖြစ်သည်။
စည်းကမ်းများနှင့်ရိုက်နှိပ်သောကျောင်းလခပြေစာအုပ် ၀–၁၂–၀။